ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လကွယ်နေ့၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၉၁)၊ အမှတ် (၂၅၇)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများ အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

နိုင်ငံတော်ကအကြီးဆုံးသဖန်းဆိပ်ရေလှောင်တမံကြီးတည်ဆောက်ပေးနိုင်၍ သီးထပ်စိုက်အားပိုမိုကောင်းလာ စပါးစိုက်ဧကမြေသစ်များပေါ်ထွက်လာ၍ အထက်မြန်မာပြည်၏စပါးကျီအဖြစ်တက်လှမ်းလာနိုင် တည်ဆောက်ပေးထားသည့်အခြေခံကောင်းများကို အပြည့်အဝအသုံးချ၍ စပါးပိုလျှံအောင်ထုတ်လုပ်

ရန်ကုန် ဇွန် ၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့နှင့်အတူ ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၈ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်း အရာတော်မြို့နယ် မကျီးစောက်ကျေးရွာသို့ ရောက်ရှိကြပြီး ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန် ၁၃ ရက်က အရာတော်(၂) မကျီးစောက်လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်း ရေတင်စက်ရုံတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အစိုးရနည်းပညာကောလိပ်(မုံရွာ) ပင်မဆောင် တည်ဆောက်မည့်ပုံစံငယ်ကို တွေ့ရစဉ်။ (သတင်းစဉ်)



နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

အယ်ဒီတာ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

ပြည်ထောင်စုကြီး၏ အနာဂတ် ရှင်သန်ခိုင်မာရေး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

ကလေးဒေသသည် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်အကြားတွင် စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးအရ အချက်အချာကျသည့် ဒေသဖြစ်သည်။ သို့ရာတွင် ကလေးဒေသအပါအဝင် ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်း၌ တည်ရှိသော မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် ကနီမြို့များသည် ခေတ်အဆက်ဆက် လမ်းပန်းဆက်သွယ်မှု ခက်ခဲခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု၌ နောက်ကျကျန်ရစ်ခဲ့ရသော အတိတ်၏သမိုင်းအကြွေးဟောင်းများ ရှိခဲ့သည်။

ဤကဲ့သို့ အချက်အချာကျသည့် ကလေးဒေသကို နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုအဖြစ်သတ်မှတ်ပြီး ချင်းတောင်ဒေသအပါအဝင် လူငယ်များ အဆင့်မြင့်ပညာများ သင်ကြားနိုင်စေရန် တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်ပေးခဲ့သကဲ့သို့ ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီးကိုလည်း ထိုက်ထိုက်တန်တန် အဆင့်မြှင့်ဖွင့်လှစ်ပေးခဲ့သည်။

ထို့အပြင် လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ကလေးလေဆိပ်ကို ခရီးသည်တင် ဂျက်လေယာဉ် ဆင်းသက်နိုင်အောင် တိုးချဲ့ပေးခြင်း၊ ကလေး-ဂန့်ဂေါ ရထားလမ်းသစ်နှင့် ကလေး-ဂန့်ဂေါ ကားလမ်းသစ်တို့ကို ဖောက်လုပ်ပေးခြင်း၊ တမူး-ကလေး-ကလေးဝ ကားလမ်းကို အဆင့်မီကားလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းတို့ကို နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ထို့ကြောင့်လည်း ကလေးဒေသသည် ချင်းပြည်နယ်(မြောက်ပိုင်း)၏ အားထားရသည့်တံခါးဝအဖြစ်သာမက အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့် ဆက်စပ် လုပ်ကိုင်နေသော နယ်စပ်ဒေသကုန်သွယ်ရေးကဏ္ဍအပါအဝင် ဘက်စုံ၊ ကဏ္ဍစုံမှ သိသိသာသာ ဖွံ့ဖြိုးစည်ပင်နေသည့်ဒေသအဖြစ် ထင်ထင်ရှားရှား တွေ့မြင်နေကြရပြီဖြစ်သည်။

စစ်ကိုင်းတိုင်း ကလေးဝမြို့အဝင် ကလေး-မုံရွာကားလမ်းပေါ်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ခဲ့သော မြစ်သာတံတား(ကလေးဝ) ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၁၂ရက်နေ့ နံနက်ပိုင်းက အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး နှုတ်ခွန်းဆက်စကား ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင်-

"နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုအောက်မှ မိမိတို့အားလုံး တက်ညီလက်ညီ ကြိုးစားပမ်းစား လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် လမ်းသစ်၊ တံတားသစ်များ တစ်ခုပြီးတစ်ခုပေါ်ထွက်လာသကဲ့သို့ နိုင်ငံတော်တစ်ဝန်း၌လည်း တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု လွှမ်းခြုံလာလျက်ရှိကြောင်း၊ ပြည်သူများ၏ စီးပွားရေးဘဝသည်လည်း တောင့်တင်းခိုင်မာလာနေပြီဖြစ်ကြောင်း"

ပြောကြားခဲ့သည်။

မြစ်သာတံတား(ကလေးဝ)သည် မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းသစ်ပေါ်၌တည်ရှိပြီး မြစ်သာမြစ်ကို ဖြတ်ကျော် တည်ဆောက်ထားသော တံတားဖြစ်သည်။ ဤတံတားကို တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် မုံရွာမှကလေးဝကို ကားလမ်းသစ်အတိုင်း တိုက်ရိုက်အချိန်တိုအတွင်း သွားလာနိုင်တော့မည်ဖြစ်သည်။ မြစ်သာမြစ်၏ သဘာဝအတားအဆီးကို ယခုကဲ့သို့ ခေတ်မီတံတားကြီးတည်ဆောက်၍ ကျော်လွှားနိုင်ခဲ့သည့်အတွက် ကလေးဒေသနှင့် မုံရွာဒေသအကြား၊ မုံရွာဒေသနှင့် ချင်းပြည်နယ်(မြောက်ပိုင်း)အကြား ကူးလူးဆက်ဆံသွားလာမှု၊ ကုန်စည်ဖောက်ကား ရောင်းဝယ်မှုတို့သည် သွက်လက်မြန်ဆန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ယခုအခါ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းဒေသတစ်လျှောက် ဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာမြောက် မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းသစ်ကို တပ်မတော်စစ်အင်ဂျင်နီယာတပ်ဖွဲ့က တာဝန်ယူဖောက်လုပ်ပြီးဖြစ်သည်။

တစ်ဆက်တည်းမှာပင် ၃၆မိုင်ရှည်သော မော်လိုက်-ကလေးဝ ကားလမ်းကို ကျောက်ချောလမ်းအဖြစ် ဖိဖိစီးစီး ဖောက်လုပ်နေခြင်းဖြစ်သည့်အတွက် မော်လိုက်ဒေသမှ ပြည်သူများသည်လည်း မြစ်သာတံတားကြီးပေါ်မှ တစ်ဆင့် ကုန်းလမ်းအတိုင်း မုံရွာဒေသဘက်သို့ မကြာမီကာလတွင် သွက်လက်မြန်ဆန်စွာ သွားလာနိုင်တော့မည် ဖြစ်သည်။

မြစ်သာတံတားကြီးနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာသော လမ်းမကြီးနှင့် တံတားများသည် ချင်းပြည်နယ်ဖွံ့ဖြိုးရေး၊ မုံရွာမြို့နှင့် ဆက်စပ်နေသည့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းဒေသများနှင့် ကလေး၊ ကလေးဝဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ မြန်မာ-အိန္ဒိယနယ်စပ်ဒေသကုန်သွယ်မှု တိုးတက်ရေးတို့ကိုသာမက တိုင်းရင်းသားချစ်ကြည်ရင်းနှီးရေးကိုပါ ဖော်ဆောင်ပေးနိုင်မည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံကောင်းများဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ယင်းအခြေခံကောင်းများကို အခြေပြုပြီး ပြည်ထောင်စုကြီး၏ အနာဂတ် ရှင်သန်ခိုင်မာရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်ရေးတို့အတွက် အမျိုးသားညီလာခံကြီး အောင်မြင်ရေးအပါအဝင် မူဝါဒလမ်းစဉ်(၇)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၆-၆-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
- ၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Poetry (အင်္ဂလိပ်စာ-အင်္ဂလိပ်စာအထူးပြု)
- ၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၇။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဥဏ်ကျယ်လေး"** (အပိုင်း-၃၂)
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် နှစ်မြွာအသည်းမိုက်ခဲ ညီနောင်"** (အပိုင်း-၅) (ဇာတ်သိမ်း)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တကောင်းမြို့ လေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်ရန်ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၅

တကောင်းမြို့ လေးမျက်နှာဘုရားကြီး ပြန်လည်တည်ဆောက်ပြုပြင်ရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီခွဲက ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးရုံး ကမ္ဘောဇဓာတ်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ Gelugpa Buddhist Center (Singapore)က အလှူငွေအမေရိကန်ဒေါ်လာ၁၀၀၀၀၊ ဒုတိယဗိုလ်မှူးကြီးသိန်းသန်း (အငြိမ်းစား)က အလှူငွေကျပ်သိန်း ၅၀၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၁၀၀၀၀၀၀၊ ဗိုလ်မှူးသောင်းစိန်(အငြိမ်းစား) မိသားစုက ငွေကျပ် ၇၀၂၀၀၀၊ ချိုဇော်ကုမ္ပဏီက ငွေကျပ် ၅၀၀၀၀၀၊ မင်္ဂလာဂါးဒင်းကုမ္ပဏီမှ ဦးဇော်မင်းက ငွေကျပ် ၂၀၀၀၀၀၊ တရုတ်ကုန်သည်ကြီးများအသင်းက ငွေကျပ် ၂၀၀၀၀၀၊ ရှေးဟောင်းသုတေသနဦးစီးဌာနက ငွေကျပ် ၁၄၉၉၅၀၊ ဦးခင်မောင် ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)က ငွေကျပ် ၁၂၅၀၀၀၊ အနုပညာဦးစီးဌာနက ငွေကျပ် ၁၀၇၂၂၀၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)က ငွေကျပ် ၁၀၀၀၀၀၊ ဒေါက်တာသိန်းထွန်း၊ ဒေါက်တာသန်းထွန်းမိသားစု၊ မြန်မာ မေဖလားဝါးဘဏ်၊ အကယ်ဒမီ အထည်မှ ဒေါ်ခင်ကြည်နှင့် ဦးကိုကိုလေး၊ ဒေါ်အေးအေးနွယ်မိသားစုတို့က ငွေကျပ် ၁၀၀၀၀၀စီ၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)က ငွေကျပ်၇၅၀၀၀၊ ဦးအောင်ကြည်၊ ဒေါ်တင်တင်အေး မိသားစုကငွေကျပ်၅၀၀၀၀၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးက ငွေကျပ် ၄၁၉၀၀၊ ဦးရှမ်းလေး၊ ဒေါ်သန်းမြင့်မိသားစု၊ ဦးအောင်ကျော်ထွေးနှင့်ဇနီးနှင့် ဒေါက်တာကျော်ကိုကိုဝင်း၊ ဒေါက်တာ အေးမြသက်တို့က ငွေကျပ် ၄၀၀၀၀စီ၊ ဒေါ်နွဲ့နွဲ့အေးမိသားစုက ငွေကျပ် ၃၁၅၄၀၊ ရန်ကင်းမှ ဒေါ်ခင်မေဝင်း၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနနှင့် ကွယ်လွန်သူဗိုလ်မှူးကြီးလှကြည်(လေ)အားရည်စူး၍ ဇနီး၊ သား၊ သမီးတစ်စုတို့က ငွေကျပ် ၃၀၀၀၀စီ၊ ဦးလှဟန်၊ ဒေါ်နီမိသားစုနှင့် ဦးအေးမြင့်၊ ဒေါ်သောင်းကြည် မိသားစုတို့က ငွေကျပ် ၂၀၀၀၀စီ၊ ဦးခင်မောင်၊ ဒေါ်ရင်ကြည်မိသားစုနှင့် ဦးသိန်းလွင်မိသားစုတို့က ငွေကျပ် ၁၀၀၀၀စီ၊ မောင်မြင့်မိုရ်ကောင်းက ငွေကျပ်၁၁၀၀၀၊ ကျန်တစ်သောင်းအောက်အလှူရှင်များက ငွေကျပ် ၉၇၉၀၀ စုစုပေါင်း အမေရိကန် ဒေါ်လာ၁၀၀၀၀နှင့် မြန်မာငွေကျပ်၉၀၆၁၅၁၀ ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)

ဇွန်၁၄ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးအား ယူနီဆက်ဖ်မှ ဌာနေကိုယ်စားလှယ် Ms. Carroll C.Long နှင့် United Nations Inter Agency Project (UNIAP)မှ အကြံပေးအရာရှိ Mr. Robert England ခေါင်းဆောင်သော အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံး (သဃ်န်းကျွန်း)က ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၁၄ရက်က ဇ/တောင် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးနေဝင်းနှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၃ ရက်က စစ်ကိုင်းတိုင်း အရာတော်မြို့နယ် မကျီးစောက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်း ကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်က မူးမြစ်ရေကိုအသုံးပြု၍ မြစ်ရေတင်စီမံကိန်းသုံးခုအကောင်အထည်ဖော်ပေးထား မြစ်ရေတင်စီမံကိန်းသုံးခု ပြီးစီးပါက လယ်ဧက ၇၀၀၀၀ကျော် ရေပေးဝေအကျိုးပြုနိုင်

● **ရွှေဖုံးမှ**

ဆက်လက်၍ အရာတော်မြို့နယ် မကျီးစောက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နံနက် ၈ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရ အဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းဆောင်သစ်အလှူရှင် မန္တလေးမြို့မှ ဦးရှမ်း-ဒေါ်ခင်သန်း မိသားစု (KT ဖိနပ်နှင့် ဖိနပ်ပစ္စည်းရောင်းဝယ်ရေး)၊ ကျောင်းငွေပဒေသာပင် အလှူရှင်များ၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကျောင်းဆောင်သစ်ဖွင့်လှစ်

ရေးဦးစွာ အရာတော်မြို့နယ် မကျီးစောက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲ အစီအစဉ်ကို ကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ကျောင်းဆောင်သစ်အလှူရှင် ဦးရှမ်းတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကြီးကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Computer Skills Room, Audio Lab, Language Lab, Computer Aided Instruction နှင့် အိမ်တွင်းမှု၊စက်မှုလက်မှုခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စွမ်းရည်ပြသမှုကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဂီတ အနုပညာရသခန်း၌ ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြသမှုကို ကြည့်ရှုအားပေးကြသည်။ *စာမျက်နှာ ၆ ကော်လံ ၁*

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မကျီးစောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းပညာရေး ငွေပဒေသာပင်အတွက် အလှူရှင်များလှူဒါန်းငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

"မြန်မာပြည်သားများတိုးတက်စေချင်လှပါသည်" ဟု ဆိုသူများသို့

- ❑ မိခင်ကျန်းမာ၊ အားရှိပါမှ ဝမ်းမှာလွယ်ထား၊ သန္ဓေသားသည် အင်အားအပြည့်၊ ဉာဏ်ရည်ပြည့်နှင့် ပကတိကျန်းမာ၊ လန်းရွှင်စွာဖြင့် မွေးလာတတ်တာ၊ သေချာပါ၏။
- ❑ ဝမ်းမှာလွယ်ထား၊ သား၏မိခင် အားအင်ချည့်နဲ့၊ ဖြစ်တုံခဲ့မူ အားနွဲ့သည့်သား၊ ဉာဏ်ရည်အားဖြင့် နိမ့်ပါးသူသာ၊ မွေးတတ်ပါ၏။
- ❑ အားအင်ပြည့်ဖြိုး၊ ဉာဏ်ဖွံ့ဖြိုးသည့် သားမျိုးကိုသာ၊ ရလိုပါက ဝမ်းမှာလွယ်ထား၊ သား၏မိခင် အားအင်ပြည့်ရေး၊ လန်းရွှင်ရေးသည် အရေးပထမ၊ အဓိက ကြောင်းကျိုးဆက်စပ်၊ တွေးကြည့်ကြ။ ။

ပျံလွှား

ဇွန် ၁၃ ရက်က မကျီးစောက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်ရှိ အမေရိကန် စစ်အခြေစိုက်စခန်းရှေ့ အသေခံကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၁၄

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ လုံခြုံရေးထူထပ်စွာချထားသော အမေရိကန် စစ်အခြေစိုက်စခန်းရှေ့တွင် တနင်္လာနေ့က ၎င်းစစ်အခြေစိုက်စခန်းဆီသို့ ဦးတည်မောင်းနှင်လာသော ကားတစ်စီးကို ရပ်ခိုင်းရန်ကြိုးစားစဉ် အသေခံကားဗုံး ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး အီရတ် ၁၂ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ အသေခံကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုမှာ ယခင် အီရတ်စစ်ဘက်ဆိုင်ရာကောလိပ်တစ်ခုဖြစ်ပြီး ယခုအခါ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက စစ်အခြေစိုက်စခန်းပြုလုပ်ထားသည့် နေရာအနီးတွင်ဖြစ်သည်။

သေဆုံး

ထိုသို့ အသေခံကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် အီရတ် ၁၂ဦးသေဆုံးပြီး အခြား၁၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် စစ်ဘက်ပြောရေးဆိုခွင့်ရသူတစ်ဦးက ပြောကြားသည်။ သို့ရာတွင် အီရတ်ရဲတပ်ဖွဲ့အရာရှိတစ်ဦးက ရဲတပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်သားနှစ်ဦး သေဆုံးကြောင်း ပြောကြားသည်။

ဦးတည်တိုက်ခိုက်

အဆိုပါ အီရတ်ရဲအရာရှိ အဘဒူရာဇက်ကာဟမ်က ပြောကြားရာတွင် အီရတ်ရဲတပ်ဖွဲ့ဝင်များက ကားနှစ်စီးဖြင့် ကင်းလှည့်နေစဉ် သံသယဖြစ်ဖွယ် မော်တော်ယာဉ်တစ်စီးကို စစ်ဆေးရန်ကြိုးစားစဉ် ၎င်းကားက အမေရိကန် စစ်အခြေစိုက်စခန်းဆီသို့ ဦးတည်မောင်းနှင် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့တိုက်ခိုက်မှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်ကားတစ်စီးနှင့် အခြားမော်တော်ယာဉ်တစ်စီး ဆိုးရွားစွာ ပျက်စီးခဲ့ရကြောင်းလည်း ပြောကြားသည်။

ပစ်မှတ်ထား

ယခုအခါ အီရတ်ပြောက်ကျားများသည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သူ အီရတ်ရဲတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားတိုက်ခိုက်လာလျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့ အိန္ဒိယ တပ်ဖွဲ့များစေလွှတ်မည်မဟုတ် သဘောထားပြောင်းလဲခြင်းမရှိကြောင်း ပြောကြား

နယူးဒေလီ ဇွန် ၁၂

အီရတ်နိုင်ငံသို့ အိန္ဒိယတပ်ဖွဲ့ဝင်များ မလွှတ်မည့် အိန္ဒိယ၏သဘောထားသည် မပြောင်းလဲကြောင်း အရာရှိတစ်ဦးက ပြောကြားလိုက်သည်။ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး နက်ဝါဆင်းက အိန္ဒိယနိုင်ငံသည် ယင်း၏သဘောထားရပ်တည်ချက်ကို ပြန်လည်သုံးသပ်နိုင်ကြောင်း ကြေညာခဲ့သည်ကို အဆိုပါအရာရှိက ရှင်းလင်းစေခဲ့သည်။

ပြောကြား

ထိုကိစ္စနှင့်ပတ်သက်၍ အဆိုပြုချက်လည်းမရှိကြောင်း၊ အိန္ဒိယနိုင်ငံကလည်း မစဉ်းစားကြောင်း ကွန်ဂရက်ပါတီ ပြောရေးဆိုခွင့်ရှိသူ အာနန်ရှားမားက နယူးဒေလီ၌ သောကြာနေ့ညပိုင်းက ပြောကြားခဲ့သည်။ အီရတ်သို့ အိန္ဒိယတပ်ဖွဲ့ဝင်များ မစေလွှတ်မည့် အိန္ဒိယအစိုးရ၏ မူဝါဒပြောင်းလဲခြင်းရှိမရှိ မေးမြန်းရာ၌ ၎င်းက ယင်းသို့ပြောကြားခြင်းဖြစ်သည်။

အချိန်စောသေး

အမေရိကန်သမ္မတဟောင်းရေဂင်၏ စျာပနတက်ရောက်ခဲ့သော အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး နက်ဝါဆင်းသည်ဝါရှင်တန်၌ သတင်းထောက်များအား ထိုကိစ္စနှင့်ပတ်သက်၍ မိမိပြောကြားရန် အချိန်စောသေးကြောင်း ပြောကြားခဲ့သည်။ **(အင်တာနက်)**

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး နှစ် ၅၀ပြည့် အခမ်းအနား ပေကျင်းမြို့တွင် ကျင်းပ

ပေကျင်း ဇွန် ၁၄

နိုင်ငံများအချင်းချင်း အပြန်အလှန်စည်းလုံးကာ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မကျူးကျော်ရေး၊ တစ်နိုင်ငံ၏ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက် မစွက်ဖက်ရေး၊ တန်းတူရည်တူလေးစားရေး၊ အပြန်အလှန် အကျိုးပြုရေး စသောငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ဆိုင်ရာ အခြေခံမူ ငါးရပ်ကို တရုတ်နိုင်ငံက လွန်ခဲ့သည့် နှစ်၅၀ က စတင် ဆောင်ရွက်ခဲ့သည်။

အသင့်ရှိ

ကြာသပတေးနေ့၌ ပေကျင်းမြို့တွင် ကျင်းပခဲ့သော အခြေခံမူ ငါးရပ်ချမှတ်ခဲ့သည့် နှစ်၅၀ပြည့် အမှတ်တရ အခမ်းအနားတွင် အဆိုပါ လမ်းညွှန်ချက်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရေး တရုတ်နိုင်ငံက အသင့်ရှိကြောင်း တရုတ် သံတမန်များက ပြောကြားခဲ့ကြသည်။

စတင်ရေးဆွဲ

ထို ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အခြေခံမူ ငါးရပ်ကို တရုတ်- အိန္ဒိယနှင့် မြန်မာနိုင်ငံတို့က ၁၉၅၄ ခုနှစ်တွင် စတင် ရေးဆွဲဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အခမ်းအနားကို တက်ရောက်လာသူများက အထူးသဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့တွင် ဆောင်ရွက်ရေးတို့လည်း သဘောတူညီခဲ့ကြောင်း သိရသည်။ **(စီစီတီဗွီ)**

၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း၌ လူဦးရေ နှစ်ဘီလီယံခန့် ရေလွှမ်းမိုးမှုဒဏ်ခံရမည်ဟု ကုလသတိပေး

ကုလသမဂ္ဂ ဇွန် ၁၄

တစ်ကမ္ဘာလုံး ပူနွေးလာမှု အကျိုးဆက်ကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့် ပင်လယ်ကမ်းခြေဒေသများတွင်နေထိုင်သည့် လူဦးရေတိုးတက်လာမှုတို့ကြောင့် ၂၀၅၀ပြည့်နှစ်၌ တစ်ကမ္ဘာလုံးတွင် လူဦးရေ နှစ်ဘီလီယံခန့်သည် ရေလွှမ်းမိုးမှုဒဏ်ခံကြရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ သုတေသနပညာရှင်များက တနင်္လာနေ့တွင် သတိပေးလိုက်သည်။

ကမ္ဘာ့လူဦးရေ၏ ခြောက်ပုံတစ်ပုံဖြစ်သည့် လူဦးရေ တစ်ဘီလီယံခန့်သည် ယခုအခါ ရေလွှမ်းမိုးမှုဒဏ်ခံရမည့်နေရာများ၌ နေထိုင်ကြရကြောင်း၊ ၎င်းတို့သည် အများအားဖြင့် ဆင်းရဲလွန်းသည့်သူများဖြစ်ကြောင်း ကုလသမဂ္ဂမှ ကျွမ်းကျင်သူများက ပြောကြားသည်။

လူသားများ၏ လုံခြုံရေးအပေါ် သဘာဝပတ်ဝန်းကျင်၏ အကျိုးသက်ရောက်မှုကို လေ့လာရန်အတွက် ဂျာမနီနိုင်ငံ ဘွန်းမြို့တွင် သိပ္ပံကျောင်းတစ်ခု ဖွင့်လှစ်ရန် ပြင်ဆင်နေသည့် အဆိုပါတိုကျိုအခြေစိုက် ကုလသမဂ္ဂဆိုင်ရာ တက္ကသိုလ်က သတိပေးချက် ထုတ်ပြန်ခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

နိုင်ငံခြားသားအချို့အား ကန်ဆန့်ကျင်ရေးသမားများ ပြန်ပေးဆွဲ လက်ဘနွန်နိုင်ငံသားတစ်ဦးအား ပြန်ပေးသမားများက သတ်ဖြတ်ခဲ့

ဘဂ္ဂဒက် ဇွန် ၁၄

ဇွန် ၁ ရက်တွင် အီရတ်ကြားဖြတ်အစိုးရဖွဲ့စည်းပြီးနောက် သေနတ်သမားများက ထိပ်တန်း အီရတ်သံတမန်တစ်ဦးအား စနေနေ့က သတ်ဖြတ်ခဲ့သည်ဟု ဆိုသည်။ တိုက်ခိုက်ရေးသမားများက ဘက်ခ်ဆန်ကူဘာအား သေစေနိုင်လောက်သည့် ဒဏ်ရာများရရှိသည်အထိ တိုက်ခိုက်ခဲ့သည်။

၎င်းသည် နိုင်ငံစုံနှင့် နိုင်ငံတကာအဖွဲ့အစည်းများအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အတွင်းဝန်ဖြစ်သည်။ ၎င်းသည် ဘဂ္ဂဒက်မြို့ အက်ဟာမီယာရပ်ကွက်ရှိနေအိမ်မှ အလုပ်သို့သွားရောက်စဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်။

အီရတ် ပြောက်ကျားများက အမေရိကန်နှင့် ပူးပေါင်းသူများဟု ထင်ရသော အီရတ်တို့အား ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိကြောင်း၊ ဇွန် ၃၀ ရက် အီရတ်ကျူးကျော်သိမ်းပိုက်မှု အဆုံးမသတ်မီ တိုက်ခိုက်မှုများဖြစ်ပွားနေကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။ အခြားသော ဥပဒေလမ်းကြောင်းမဲ့ တိုက်ခိုက်မှုတွင် ပြန်ပေးသမားများက လက်ဘနွန်သားတစ်ဦးဖြစ်သည့် အသက် ၂၈နှစ်အရွယ်ရှိ ဟူစိန်အလီအယ်ယမ်းနှင့် ၎င်း၏ အီရတ်လုပ်ဖော်ကိုင်ဖက်နှစ်ဦးအား ကြာသပတေးနေ့က ဖမ်းဆီးသွားပြီး သတ်ဖြတ်ခဲ့ကြောင်း လက်ဘနွန်သံတမန်တစ်ဦးက ပြောကြားသည်။

လက်ဘနွန် ဆက်သွယ်ရေးကုမ္ပဏီ၌ အလုပ်လုပ်နေသော အဆိုပါ သေဆုံးသူများ၏ ရုပ်အလောင်းများကို ဘဂ္ဂဒက်မြို့အနောက်ဘက် ဖော်လူဂျာနှင့် ရာမာဒီမြို့ကြားတွင် စွန့်ပစ်ထားခဲ့သည်ဟု ဘေရွတ်မြို့ရှိ နိုင်ငံခြားရေး သတင်းရပ်ကွက်က ပြောကြားသည်။ သို့ရာတွင် ဖော်လူဂျာမြို့၌ လွန်ခဲ့သော ငါးရက်က ပြန်ပေးဆွဲခံရသော တူရကီ ခုနစ်ဦးအား စနေနေ့က ပြန်လွှတ်ပေးလိုက်ကြောင်း တူရကီသံတမန်က ပြောကြားသည်။ အမေရိကန်ဆန့်ကျင်ရေး အုပ်စုများသည် ဧပြီလကတည်းက နိုင်ငံခြားသားများအားပြန်ပေးဆွဲလျက်ရှိရာ အများစုမှာပြန်လည်လွှတ်မြောက်လာသည်။ လက်ဘနွန်တစ်ဦး၊ အီတလီတစ်ဦး၊ အမေရိကန်တစ်ဦးသာသတ်ဖြတ်ခံရသည်။ **အမ်အင်အေ၊ရိုက်တာ**

ကင်းလှည့်ပျံသန်း

ဖော်လူဂျာမြို့ပေါ်တွင် ကင်းလှည့်ပျံသန်းနေသော စစ်ရဟတ်ယာဉ် တစ်စင်းပေါ်မှ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း
အီရတ် မြင်ကွင်း

ယာဉ်ပျက်စီး

ဘဂ္ဂဒက်မြို့၌ ကားဗုံးခွဲတိုက်ခိုက် မှု ကြောင့် ပျက်စီးနေသော မော်တော်ယာဉ် တစ်စီးကို ဇွန် ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားများ နာဂျက်ဖ်မြို့၌ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားရာတွင် ဒဏ်ရာပြင်းထန်စွာ ရရှိသွားသော အီရတ်တစ်ဦး နာဂျက်ဖ်ဆေးရုံတွင် ဆေးကုသမှုခံယူနေသည်ကို ဇွန် ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်မြို့၌ ကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီး ဒဏ်ရာပြင်းထန်စွာရရှိသွားသော အီရတ်တစ်ဦး ဘဂ္ဂဒက်ဆေးရုံတွင် ဆေးကုသမှု ခံယူနေသည်ကို ဇွန် ၁၃ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဒဏ်ရာရရှိ

ဘဂ္ဂဒက်မြို့၌ ကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသောသားအား ၎င်း၏ဖခင်က ကြည့်ရှုနေသည်ကို ဘဂ္ဂဒက်ဆေးရုံတွင် ဇွန် ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်မြို့ ဆာရီဒီယာဒေသရှိ အဝေးပြေးလမ်းမကြီးတစ်နေရာတွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးနေသော အမေရိကန်စစ်ယာဉ်အပိုင်းအစများကို ဇွန် ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဆေးကုသမှုခံယူ

ဘဂ္ဂဒက်မြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူ အီရတ်တစ်ဦး ဘဂ္ဂဒက်ဆေးရုံတွင် ဆေးကုသမှု ခံယူနေရသည်ကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စာမျက်နှာ ၃ မှ

ထို့နောက် မကျီးစောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ လွှဲပြောင်းပေးအပ်ပွဲ အစီအစဉ်ကို ကျောင်းဆောင်သစ်ကြီး၏ ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစီအစဉ်အရ ကျောင်းဆောင်သစ် အလှူရှင် ဦးရှမ်းက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းဆောင်သစ် အလှူရှင် ဦးရှမ်းက ငွေကျပ်သိန်း ၈၀၀ အကုန်အကျခံ တည်ဆောက်ထားသော စာသင်ခန်း ရှစ်ခန်းပါ နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဝင်းထိန်အား လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မကျီးစောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ တစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီး ဦးညွန့်ဝေအား ပေးအပ်သည်။

ထို့နောက် ကျောင်းဆောင်သစ်အလှူရှင်ဦးရှမ်းက မကျီးစောက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲအတွက် ပညာရေး ငွေပဒေသာပင် စိုက်ထူရန် ငွေကျပ်သိန်း၃၀နှင့် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်၁၀၀၀နှင့် ခဲတံ၉၀၀တို့ကို ကျောင်းအုပ်ဆရာကြီးအားပေးအပ်သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၃ ရက်က စစ်ကိုင်းတိုင်း အရာတော်မြို့နယ် မကျီးစောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်၏ စာသင်ခန်းများတွင် လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဇွန် ၁၃ ရက်က စစ်ကိုင်း တိုင်း အရာတော် မြို့နယ် မကျီး စောက် ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ခွဲအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ တစ်စုံ တို့ကိုကျောင်းအုပ်ဆရာကြီး ဦးညွန့်ဝေအား ပေးအပ်စဉ်။ (သတင်းစဉ်)

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၃ ရက်က အရာတော်မြို့နယ် ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ငွေပဒေသာပင်လှူဒါန်း

ဆက်လက်၍ ကျောင်း၏ပညာရေး ငွေပဒေသာပင်အတွက် ရန်ကုန်မြို့မှ အလှူရှင်များဖြစ်ကြသော ဦးမောင် ကွန်း–ဒေါ်မီမီမိသားစုက ငွေကျပ်ငါးသိန်း၊ ဦးအောင်စိုး–ဒေါ်လှလှဝင်းမိသားစုက ငွေကျပ်၃၂၀၀၀၀၊ ဦးကျော်ခင်–ဒေါ်ရှုဝါမိသားစုက ငွေကျပ်သုံးသိန်း၊ ဦးကောက်–ဒေါ်ရင်ရွှေမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးကျုံကင်–ဒေါ်အောင်မိုးလျှံမိသားစုက ငွေကျပ် တစ်သိန်း၊ ဦးထွန်းဝေ၊ ကိုစိုးပိုင်တို့က ငွေကျပ်တစ်သိန်း၊ ဦးကောက်–ဒေါ်စောခင်မိသားစုက ငွေကျပ်သုံးသိန်း၊ ကိုခင်မောင်မြင့်–မတင်တင်ရှု မိသားစုက ငွေကျပ်၅၀၀၀၀၊ ဦးထွန်းအောင်–ဒေါ်မြမြမိသားစုက ငွေကျပ် ၅၀၀၀၀နှင့် ဒေါ်မေကြူနှင့် ဦးဝင်းရွှေ–ဒေါ်မိုးကြူမိသားစုတို့က ငွေကျပ် ၃၀၀၀၀ စုစုပေါင်းအလှူငွေကျပ် ၁၈၅ ၀၀၀၀ကို အလှူရှင်များ ကိုယ်စား ယင်းမာဖိနပ်ဆိုင်ပိုင်ရှင် ဦးအောင်စိုး–ဒေါ်လှလှဝင်းတို့က ပေးအပ်လှူဒါန်းရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းကလက်ခံသည်။

ကျောင်းဆောင်သစ်အလှူရှင် ဦးရှမ်းက ငွေကျပ်သိန်း ၈၀၀ အကုန်အကျခံတည်ဆောက်ထားသော စာသင်ခန်းရှစ်ခန်းပါ နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဇွန် ၁၃ ရက်က အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဝင်းထိန်အား လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် မန္တလေးမြို့မှ အလှူရှင်များဖြစ်ကြသော ဦးစိန်ဝင်း–ဒေါ်ဝင်းဝင်းမိသားစုက ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ ဦးမောင်ကြီး၊ ဦးခင်မောင်–ဒေါ်စိန်ညွန့်မိသားစု၊ ဦးသန်းထွန်း–ဒေါ်ခင်တင့်မိသားစု၊ ဦးဝင်းမောင်–ဒေါ်အုံးကြည် မိသားစု၊ ဦးစံလင်း–ဒေါ်မော်မိသားစု၊ ဦးကျော်ညွန့်–ဒေါ်စမ်းမိသားစု၊ ဦးသောင်းစိန်–ဒေါ်ကြည်အေးမိသားစု၊ ဦးတင်ချို–ဒေါ်စုမိသားစု၊ ဦးညွန့်ဝေ–ဒေါ်ပြုံးမိသားစု၊ ဦးကျော်မြင့်–ဒေါ်ဝင်းနုမိသားစုနှင့် ဦးအောင်ဖြိုး–ဒေါ်ညွန့်တင်မိသားစုတို့က ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း စုစုပေါင်းအလှူငွေကျပ် ၁၃သိန်းကို အလှူရှင်များ ကိုယ်စား ရွှေရည်ဖိနပ် လုပ်ငန်းပိုင်ရှင် ဦးစိန်ဝင်း–ဒေါ်ဝင်းဝင်းတို့က ပေးအပ်လှူဒါန်းရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ကလက်ခံသည်။

တိုင်းမှူးလက်ခံ

ဆက်လက်၍ မန္တလေးမြို့မှ US ဖိနပ်လုပ်ငန်းပိုင်ရှင် ဦးသိန်းထိုက်–ဒေါ်ပေါ်ကြည်တို့ကအလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူး ဗိုလ်ချုပ်သာအေးက လက်ခံသည်။

ထို့နောက် မန္တလေးမြို့မှ ဒေါ်တော်ကအလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်က လက်ခံသည်။

ယင်းနောက် မုံရွာမြို့မှဒေါက်တာအောင်ကျော်မြင့်၊ ဒေါ်ဝိုင်းတို့က ငွေကျပ်တစ်သိန်း၊ မုံရွာမြို့မှ ဦးဝင်းမြင့်သိန်း–ဒေါ်အေးစန္ဒာဝင်းတို့က ငွေကျပ်တစ်သိန်း၊ ပခုက္ကူမြို့မှ ဦးတင့်လွင်ကငွေကျပ် ၅၀၀၀၀၊ ဦးတင်ငွေကငွေကျပ် ၂၀၀၀၀၊ မန္တလေးမြို့မှ ဦးမြသန်း–ဒေါ်ပိုတို့က ငွေကျပ် ၃၀၀၀၀ စုစုပေါင်း အလှူငွေကျပ်သုံးသိန်းကို အလှူရှင်များကိုယ်စား ဦးမြသန်း–ဒေါ်ပိုတို့ကပေးအပ်လှူဒါန်းကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်က လက်ခံသည်။

ဆက်လက်၍ ဒေသခံပြည်သူများ ကိုယ်စား ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင် ဦးဉာဏ်ကြွယ်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် မိမိဇာတိ၊ မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာနေကလေးသူငယ်များ၏ ပညာရည်ဖွံ့ဖြိုးရေးအတွက် ယခုကဲ့သို့ လှူဒါန်းခြင်းမျိုးသည် သန့်စင်မွန်မြတ်ပြီး အကျိုးရှိသည့်ပညာဒါနဖြစ်ပါကြောင်းနှင့် နိုင်ငံတော်အနေဖြင့်လည်း ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် အရာတော်(၂)မကျီးစောက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က စစ်ကိုင်းတိုင်း၌ သဖန်းဆိပ်ရေလှောင်တမံ တည်ဆောက်ပြီးနောက် တမံ၏ အောက်ဘက်ပိုင်းရှိ မူးမြစ်၏ ရေစီးရေလာအခြေအနေ၊ မူးမြစ်ရေ၏ ပမာဏပေါ်မူတည်၍ အရာတော်ဒေသ၌ ဧက ၇၀၀၀၀ခန့် အကျိုးပြုမည့် အရာတော်(၁)၊ အရာတော်(၂)နှင့် အရာတော်(၃)မြစ်ရေတင် စီမံကိန်းများလုပ်ကိုင်နေမှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက အရာတော်(၂) မကျီးစောက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ပင်မမြောင်း၊ လက်တံမြောင်းများ တည်ဆောက်ပြီးစီးမှု၊ အရာတော်(၂) မြစ်ရေတင်လုပ်ငန်း စမ်းတပ်လည်ပတ်၍ နွေစပါး ဧက ၂၀၀ စမ်းသပ် စိုက်ပျိုးနိုင်ခဲ့ပြီး မိုးစပါး ဧက ၁၀၀၀ စိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ အရာတော်(၃) မြစ်ရေတင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေမှု အခြေအနေ၊ အရာတော်(၁)၊ အရာတော်(၂)နှင့် အရာတော်(၃) လျှပ်စစ်မြစ်ရေတင် စီမံကိန်းများပြီးစီးပါက အရာတော် ဒေသအတွက် အကျိုးပြုမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက အရာတော်မြို့နယ်အတွင်း စိုက်ပျိုးရေပိုမိုရရှိရေးအတွက် စုစည်းရရှိနိုင်မည့် ရေအရင်းအမြစ်များကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး ရှုရပ်မှ မူးမြစ်၏ ရေစီးရေလာ အခြေအနေနှင့် ရေတင်စက်ရုံ တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁

တိုးတက်သစ်လွင်

မြန်ပြည်တစ်ခွင်

တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့နယ် ပလောက်ကျေးရွာတွင် ဒေသခံပြည်သူများ သွားလာမှုလွယ်ကူစေရန်အတွက် ပလောက်ချောင်းကူး တံတားကို ဤသို့ တည်ဆောက်ပေးထားသည်။
(ဓာတ်ပုံမှတ်တမ်း – နယ်စပ်/စည်ပင်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် ဒေသခံ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် နမ့်လန်တိုက်နယ်ဆေးရုံတွင် ဓာတ်မှန်ခန်းကို ဤသို့ တည်ဆောက်ပေးထားသည်။
(ဓာတ်ပုံမှတ်တမ်း– ပြန်/ဆက်)

ရန်ကုန်တိုင်း ကိုကိုးကျွန်းမြို့နယ်တွင် ဒေသခံပြည်သူများ အသိအမြင် ဗဟုသုတတိုးပွားစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးကို ဤသို့ ဖွင့်လှစ်ပေးထားသည်။
(ဓာတ်ပုံမှတ်တမ်း – ပြန်/ဆက်)

ကယားပြည်နယ် ဒီမောဆိုမြို့နယ်တွင် ဒေသခံတိုင်းရင်းသားများ သောက်သုံးရေ ရရှိရေးအတွက် ဤသို့ ဆောင်ရွက်ပေးထားသည်။
(ဓာတ်ပုံမှတ်တမ်း– နယ်စပ်/စည်ပင်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး



စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်တွင် တည်ဆောက်ပေးထားသော သဖန်းဆိပ်ရေလှောင်တမံသည် ဒေသခံတောင်သူများ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် မိုးစပါးဧက လေးသိန်း၊ မိုးကြို ၀ါဧက ၄၅၀၀၀၊ နွေစပါးဧက ၁၇၂၅၀၀ နှင့် နွေနှမ်းဧက ၂၆၃၀၀ ကို အကျိုးပြုရေ ပေးဝေလျက်ရှိသည်။
(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)

မိုးညှင်းသမ္ဗုဒ္ဓေစေတီ ဖူးမြော်ကြည်ညို

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန် ၁၃ရက်က မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ကြီးတွင် ဗုဒ္ဓရုပ်ပွားတော် များကို ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက်၁၀နာရီခွဲတွင် အရာတော်မြို့သို့ ရောက်ရှိကြသည်။

ဒေသခံများကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အရာတော်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာသောင်းအေးနှင့် ဆရာဝန်၊ ဆရာမများကကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လူနာခန်းများ၊ ခွဲစိတ်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကိုကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံအတွက်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရပ်မိရပ်ဖများနှင့်တွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အရာတော်မြို့ သီရိရတနာခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကြည်က အရာတော်မြို့နယ်၌ မိုးသီးနှံများဖြစ်သည့် မိုးစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သီးနှံ၊ ကြံနှင့်ဝါများ၊ ဆောင်းသီးနှံများဖြစ်သည့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ နွေသီးနှံဖြစ်သည့် နွေစပါးများစိုက်ပျိုးထုတ်လုပ်နိုင်မှု အခြေအနေကိုလည်းကောင်း၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း ပဏာမ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ၂၀၀၂ ခုနှစ် စက်တင်ဘာ ၁၀ ရက် နိုင်ငံတော်ဝန်ကြီးချုပ်၏ အရာတော်မြို့နယ် မကျီးစောက်ကျေးရွာ မြစ်ရေတင်စီမံကိန်းကို လာရောက်စစ်ဆေးစဉ် အရာတော်မြို့နယ်နှင့်ပတ်သက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလမ်းညွှန်မှာကြားချက်များ လိုက်နာဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် ဒေသဖွံ့ဖြိုးရေးကဏ္ဍအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် အရာတော်မြို့နယ်သည် ကမ္ဘာ့

မြို့နယ်၏စီးပွားရေးလုပ်ငန်းများကို ခြုံကြည့်ပါက အဓိကအားဖြင့် စိုက်ပျိုးရေးကို အားပြုထားသော်လည်း ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကိုသာ များများစားစား ထုတ်လုပ်နိုင်ကြသည်ကို တွေ့ရှိရကြောင်း၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုမှာ မြို့နယ်အတွင်းဖူလုံမှု မရှိသေးဘဲ အားနည်းနေဆဲဖြစ်ကြောင်း၊ မိမိမြို့နယ်၊ မိမိဒေသဆန်ဖူလုံရေးကို မဖြစ်မနေ ဝိုင်းဝန်းအကောင်အထည်ဖော်ရမှာဖြစ်သကဲ့သို့ တစ်ဖက်မှလည်း စားသုံးဆီ ပိုလျှံနေမှုကို

ကဏ္ဍဖွံ့ဖြိုးအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းမြစ်ရေတင်စီမံကိန်း သုံးခုစလုံးပြီးစီးပါက လယ်ဧက ၇၀၀၀၀ ကျော်ကို ရေပေးဝေပြီး အကျိုးပြုနိုင်မှာဖြစ်ကြောင်း။

အခြေခံကျ

ထို့ကြောင့် မြို့နယ်အုပ်ချုပ်ရေးတာဝန်များ၊ စိုက်ပျိုးရေးကဏ္ဍမှ ဝန်ထမ်းများ၊ စိုက်ပျိုးသူ တောင်သူလယ်သမားများက ဟန်ချက်ညီညီ ပူးပေါင်း

ပြည်သူများ လူမှုစီးပွားရေးဘဝမြင့်မားရေး နိုင်ငံတော်ကထ တာဝန်ရှိသူများကျေးလက်နေပြည်သူများနှင့် တစ်သားတည်းနေထိုင်

ဆောင်ရွက်မှုဖြင့် လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို အလေးထား အကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်း၊ မြို့နယ်တစ်ခု ဖွံ့ဖြိုးရန်မှာ ယင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံအကျဆုံးပင်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က အလေးထားချမှတ်ပေးထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကို ဖိဖိစီးစီး အကောင်အထည်ဖော်ကြရန်လိုအပ်ကြောင်း၊ မြို့နယ်များ၌ ဖွဲ့စည်းတာဝန်ပေးထားသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြ စည်ပင်သာယာရေးကိုသာ တာဝန်ခံရန်မဟုတ်ဘဲ ကျေးလက်ဒေသ သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်းများတိုးတက်ကောင်းမွန်ရေးကိုပါ တာဝန်ယူဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ မိမိမြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်နေအောင် မြို့နယ်အုပ်ချုပ်ရေး တာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်း ပူးပေါင်းအကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အရာတော်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအားပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ရွှေဘိုမြို့သို့ရောက်ရှိကြရာ အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရွှေဘိုမြို့ရှိ ရတနာသိင်္ဃမြို့တည် အလောင်းမင်းတရားကြီး၏ ရွှေဘုံရတနာမင်္ဂလာနန်းတော် ပြန်လည်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

သတ်မှတ်မှာကြား

အစီအစဉ်အရ ရှေးဟောင်းသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်ကြိုင်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းတို့က ရွှေဘုံရတနာ မင်္ဂလာနန်းတော်တည်ဆောက်ရေး စီမံကိန်းအရ ဆောင်ရွက်နေသည့်လုပ်ငန်းများအနက် နန်းမပြာသဒ်ဆောင်၊ မြေနန်းတော်ဆောင်၊ ရွှေတိုက်တော်နှင့် စာရင်းတိုက်တော်တည်ဆောက်ပြီးစီးနေမှု၊ ဘမယာသန ပလ္လင်တော်၊ သီဟာသနပလ္လင်တော်ပြုလုပ်ခြင်းအပါအဝင် နန်းတော်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တည်ဆောက်ပြီး အဆောက်အအုံများ သက်ဆိုင်ရာဝန်ကြီးဌာနက လက်ခံ ဆက်လက်ထိန်းသိမ်းတာဝန်ယူသွားရန်နှင့် ဆက်လက်တည်ဆောက်ရမည့်လုပ်ငန်းများကို သတ်မှတ်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ယာယီစံကျောင်း၌ ကိန်းဝပ်စံပယ်တော်မူသည့် နန်းဦးအောင်မြေ

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၃ ရက်က အရာတော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံ တို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၃ရက်က ရေဦးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံ တို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ကျန်းမာရေးအဖွဲ့ကချီးမြှင့်သည့် ကျန်းမာရေးဆုတံဆိပ် ရရှိခဲ့ဖူးသော မြို့နယ်ဖြစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆက်လက် ထိန်းသိမ်းမြှင့်တင်သွားရန် အရေးကြီးကြောင်း၊ ပြည်သူတို့အပေါ် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်ထိန်းသိမ်းမှုသည် အမြဲဆောင်ရွက်နေရမည့် လုပ်ငန်းဖြစ်သည်ဟု ခံယူလုပ်ဆောင်ရန်လိုကြောင်း။

လျော့ကျမသွားရအောင် ဆီထွက်သီးနှံများကိုလည်း အလေးထား ဆက်လက်စိုက်ပျိုးသွားရန်လိုအပ်ကြောင်း။

နိုင်ငံတော်အပိုင်းက မူးမြစ်ရေကို စိုက်ပျိုးရေးလုပ်ငန်း၌ အသုံးပြုနိုင်ရန် အရာတော်အမှတ်(၁)၊အမှတ်(၂)နှင့် အမှတ်(၃)ဟူ၍ မြစ်ရေတင်စီမံကိန်း သုံးခုကို အကောင်အထည်ဖော်ပေးပြီး အရာတော်မြို့နယ်၏ စိုက်ပျိုးရေး

ဆုတောင်းပြည့်ဘုရားအား ဖူးမြော်ကြည်ညိုကြပြီး ရွှေဘုံရတနာမင်္ဂလာနန်းတော်မှ တည်ဆောက်ပြီးစီးနေသည့် နန်းမပြာသာဒ်ဆောင်၊ မြေနန်းတော်ဆောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် ရွှေတိုက်၊ စာရင်းတိုက်၊ နန်းကြမ်းပြင်နှင့် ကျောင်းတော်ဦးဆောင် တည်ဆောက်မည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ဒေါက်တာမြသိန်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လူနာဆောင်၊ အထွေထွေခွဲစိတ်ဆောင်၊ ခွဲစိတ်ခန်းမ၊ ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံအဆောက်အအုံ ပြုပြင်မွမ်းမံရေးများကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ဒေသဖွံ့ဖြိုးရေးတင်ပြ

အစီအစဉ်အရ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်က ရွှေဘိုခရိုင်၏ တည်နေရာ၊ အကျယ်အဝန်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများဖွဲ့စည်းထားမှု၊ အိမ်ထောင်စုနှင့် လူဦးရေ၊ ၂၀၀၃-၂၀၀၄ခုနှစ် နွေစပါးစိုက်ပျိုးနိုင်မှုနှင့်ထွက်ရှိမှု၊ နွေစပါးရိတ်သိမ်းပြီးစီးမှုအခြေအနေ၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးထုတ်လုပ်မှု ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးနှင့် မိုးသီးနှံစိုက်ပျိုးထုတ်လုပ်ရန် ရည်မှန်းချက်နှင့် စိုက်ပျိုးပြီးစီးမှု ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်နှင့်ဆက်စပ်လျက် မိမိတို့နိုင်ငံကို ခေတ်မီတိုးတက်သော စက်မှုနိုင်ငံအဖြစ် ထူထောင်သွားကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်အောင်၊ ပြည်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်အောင်၊ ဒေသအလိုက် စီးပွားရေးခိုင်မာတိုးတက်အောင် အားလုံးတက်ညီလက်ညီ ကြိုးစားကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေဘိုမြို့ အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဝက်လက်မြို့ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့်ထွက်ခွာလာကြပြီး ရွှေဘိုမြို့နယ်နှင့် ဝက်လက်မြို့နယ်အကြား ရာသီဥတုကောင်းမွန်မှု၊ စိုက်ပျိုးရေကောင်းစွာရရှိမှုတို့ကြောင့် ဒေသတစ်ခွင်လုံး စိမ်းစိုအောင်မြင်ဖြစ်ထွန်းနေသော သီးနှံစိုက်ခင်းများကို ရဟတ်ယာဉ်ပေါ်မှကြည့်ရှုကြသည်။ ထို့နောက် မွန်းလွဲ၂နာရီ ၄၅မိနစ်တွင် ဝက်လက်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အလှူငွေများလှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန်၁၃ရက်က မုံရွာမြို့နယ် ခတက္ကန်ကျေးရွာရှိ မဟာဗောဓိတစ်ထောင်ကျောင်းတိုက် မဟာဗောဓိတစ်ထောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒအား ပူဇော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းနှင့် ရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးအတွက် အလှူငွေများလှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန်၁၃ရက်က ဝက်လက်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ကထားရှိသည့်စေတနာကိုနားလည်ခံယူ ားတည်းနေထိုင်ပြီး ပြည်သူများဘဝကိုနားလည်စာနာ

အခြေအနေ၊ ဒေသဝမ်းစာဖူလုံမှု အခြေအနေ၊ ဒေသဆီဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ချက်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

တက်လှမ်းလာနိုင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ မြို့နယ်အကွက်ချမြေပုံတွင် ကြည့်ရှုစစ်ဆေးပြီး အမှန်လိုအပ်မှုများကို ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ရွှေဘိုခရိုင်သို့ လှည့်လည်ကြည့်ရှုရာ၌ ယခုနှစ် မိုးဦးရာသီကောင်းသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေအောင်မြင်နေသည်ကို မြင်တွေ့ရကြောင်း၊ နိုင်ငံတော်၌ အကြီးဆုံး သဖန်းဆိပ်ရေလှောင်တမံကြီးနှင့် ရေသောက်စနစ်ကို ကျယ်ပြန့်စွာ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် သီးထပ်စိုက်နိုင်အားမှာ ပိုမိုသိသာစွာကောင်းလာကြောင်း၊ စပါးစိုက်လယ်မြေအသစ်များလည်း ပေါ်ထွက်လာသဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ ပိုလျှံလာကြောင်း၊ ထို့ကြောင့် စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏ စပါးကျီအဖြစ် တက်လှမ်းလာနိုင်ပြီဖြစ်ကြောင်း။

နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများ စသည့်အခြေခံကောင်းများကို အပြည့်အဝအသုံးချ၍ ဆန်စပါး ပိုလျှံသည်ထက်ပိုလျှံအောင် ထုတ်လုပ်ရေး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးတို့ကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ခံများ၊ စိုက်ပျိုးရေးတာဝန်ခံများနှင့် တောင်သူလယ်သမားများ၏ ပူးပေါင်းအားထုတ်မှု၊ ကြိုးပမ်းမှုတို့ဖြင့် အကောင်အထည်ဖော်ကြရမှာဖြစ်ကြောင်း။

ကြိုးစားစေလို

သို့မှသာ ပြည်တွင်းစားသုံးရန်အပြင် သီးနှံပိုလျှံမှုများ ခိုင်ခိုင်မာမာရှိပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှာဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၏

ညှိနှိုင်းဆောင်ရွက်ပေး

အစီအစဉ်အရ ဝက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်က မြို့နယ်၏တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ ရာသီဥတုအခြေအနေနှင့် မိုးရွာသွန်းမှု၊ ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားလုပ်ငန်းအခြေအနေ၊ ၂၀၀၃-၂၀၀၄ခုနှစ် မိုးစပါးစိုက်ပျိုးနိုင်မှု အထွက်နှုန်းနှင့် အထွက်တင်းပေါင်း၊ နွေစပါးစိုက်ပျိုးနိုင်မှု၊ အထွက်နှုန်းနှင့် အထွက်တင်းပေါင်း၊ ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးတိုးချဲ့စိုက်ပျိုးရန် စီမံထားမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ဒေသဆီဖူလုံမှုအခြေအနေ၊ သစ်တောပြုစုထိန်းသိမ်းခြင်း

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန်၁၃ရက်က ဝက်လက်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

လုပ်ငန်းဆောင်ရွက်ထားမှု၊ မြို့နယ်၏ပို့ဆောင်ရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝက်လက်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မိမိနှင့်အဖွဲ့ဝင်များသည် ဒေသဖွံ့ဖြိုးတိုးတက်ရာ တိုးတက်ကြောင်း၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရာ တိုးတက်ကြောင်းတို့အတွက် ဗဟိုအဆင့်က ဆောင်ရွက်ပေးသင့်ပေးထိုက်သည်များကို ကွင်းဆင်းကြည့်ရှုပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ဖြည့်ဆည်းပေး

နိုင်ငံတော်အပိုင်းက စစ်ကိုင်းတိုင်းအတွင်း ဆောင်ရွက်ပေးဖွယ်ရာကိစ္စများကို ငွေကြေးမြောက်မြားစွာကုန်ကျခံ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ပေးထားပြီဖြစ်ကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ပညာတတ်လူငယ်များ တိုးပွားလာရေးအတွက်ကိုလည်း အခြေခံစာသင်ကျောင်း တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်ခြင်း၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ဆေးရုံနှင့် ဆေးခန်းများ အဆင့်မြှင့်တိုးချဲ့ခြင်းတို့ကို လိုအပ်ချက်များနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁

16-6 (09).p65 2 3/1/2032, 07:39 AM

သဲအင်းဂူအစိဋ္ဌာန် တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၅

တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် (၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် မူလကျေးဇူးရှင် သဲအင်းဂူဆရာတော်ကြီး၏ တပည့်ရင်း အရှင်ပဏ္ဍိဝံ(မိဂလုံ)သည် နိဗ္ဗာန်ရောက် ခန္ဓာကိုယ်တွေ့ ဝိပဿနာတရားစခန်းပွဲကို ဇွန် ၂၅ ရက်မှ ဩဂုတ် ၁ ရက်အထိ ခုနစ်ရက်တရားစခန်း ကျင်းပမည်ဖြစ်သည်။ (ပထမဝါဆိုလဆန်း ၈ ရက်) ညနေ အရောက်လာရောက်ကြရန်နှင့် တရားစခန်းဝင်လိုသူများအား အကျိုးဆောင်အဖွဲ့က အာဟာရဒါနလှူဒါန်းမည်ဖြစ်ပြီး အာဟာရဒါနလှူဒါန်းလိုသူဒါယကာဒါယိကာမများ ကြိုတင်၍ ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဂ-ဝ)

သားငါးပွံ့ပြိုး ပြည်အကျိုး

မြန်မာ့ပညာရှေ့အိုးကြီး ပြိုးပြက်ထိန်ညီးလျက်

ယခု ဇွန်လ ၁ ရက်နေ့မှစပြီး ပြည်ထောင်စု တစ်ဝန်းလုံးရှိ အခြေခံပညာသင်ကျောင်းအားလုံး ဖွင့်ကြပြီ။ ပညာရည်မြင့်မားရေး မြှင့်တင်မှုအစီအစဉ်အရ ကလေးတို့ အသိဉာဏ်ပညာ ပိုမိုပွင့်လန်းစွာ နိုင်ငံတော်၏ စွမ်းရည်မြင့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာရန် တက်ကြွရှင်လန်းစွာ အတန်းတစ်တန်းတက်ကာ သင်ယူနေကြပြီ။ ငြိမ်းချမ်းစွာ ပညာသင်ကြားရေး ပတ်ဝန်းကျင်ကောင်းကို မိဘ၊ ဆရာ၊ ကျောင်းသူကျောင်းသားများနှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည်။

တစ်ခါတစ်ရံ ပြင်ပလေစိမ်းနှင့်အတူ အိုးခြစ်တိုက်သော ညှော်နံ့များ ပျံ့ဝင်လာတတ်သည်။ ယင်းညှော်နံ့ဆိုးများမှာ ပညာရေးအနာရောဂါကင်းရှင်းသော မြန်မာနိုင်ငံအတွက် ချက်ချင်းပြယ်သွားစမြဲ ဖြစ်သည်။ ယနေ့ တည်ငြိမ်အေးချမ်းပြီး ဘက်ပေါင်းစုံ၌ တိုးတက်ဖွံ့ဖြိုးလာနေသော မြန်မာနိုင်ငံတွင် ရေမြင့်ကကြာတင့်ဆိုဘိသကဲ့သို့ ပညာရေးသည်လည်း မြင့်တက်လာသည်မှာ အမှန်ပင်။

အနောက်မှ မီဒီယာတစ်ခုက မြန်မာနိုင်ငံ၏ ပညာရေးစနစ်သည် အဆင့်အတန်းမရှိ၊ အလွန်တရာနိမ့်ကျသည်ဟု မဆင်မခြင် စွပ်စွဲပုတ်ခတ်လိုက်သည်။ ထိုစွပ်စွဲပုတ်ခတ်ချက်မှာ ယနေ့ခေတ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာနေခြင်း၊ ဖွံ့ဖြိုးဝေဆာ စည်ပင်ဝပြောလာခြင်းကို မရှုဆိတ်၍ မမှန်မကန်လုပ်ကြံစွပ်စွဲသော မုသားများအနက်မှ တစ်ချက်သာ ဖြစ်သည်။

တစ်ခုခက်နေသည်မှာ ထိုသို့ မြန်မာ့ပညာရေးစနစ် တိုးတက်မြင့်မားလာမှုကို ဝေဖန်သော ထိုမီဒီယာများ အခြေစိုက်သည့် ရေခံမြေခံပင်ဖြစ်သည်။ ထိုရေခံမြေခံနိုင်ငံများသည် တစ်ချိန်က မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံလေးပုံသုံးပုံခန့်ကို ကျူးကျော်ကျွန်ပြု၊ ကျွန်ဇာတ်သွင်း၊ ကျွန်သက်ရှည်အောင် ကျွန်ပညာရေးစနစ်ကိုသာ ချမှတ်ခဲ့သည့် နယ်ချဲ့နိုင်ငံများ ဖြစ်နေသည်ကို တွေ့ရသည်။ ကမ္ဘာတွင် ထိုနိုင်ငံများလောက် ကိုယ်ကျိုးအတွက် နယ်ချဲ့ကျူးကျော်သော နိုင်ငံမျိုးမရှိ၊ ထိုနိုင်ငံများလောက် ကမ္ဘာ့နိုင်ငံအများစု၏ လွတ်လပ်ရေး (အချုပ်အခြာအာဏာ)ကို လုယက်ခားပြတိုက်သူ၊ ကမ္ဘာ့နိုင်ငံအများစု၏ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီတို့ကို ချိုးဖောက်၊ ကမ္ဘာ့နိုင်ငံအများစု၏ သယံဇာတ အရင်းအမြစ်များ၊ ထွက်ကုန်များကို သွေးစုပ်သော နိုင်ငံမျိုးမရှိ၊ ကိုလိုနီလက်အောက်ခံနိုင်ငံများ၏ အမျိုးဘာသာ၊ သာသနာအရေးကို ဖျက်လိုဖျက်ဆီးလုပ်ပြီး ကျွန်ပညာသွတ်သွင်းသော နိုင်ငံမျိုး မရှိချေ။

သို့ပါလျက် ထိုနယ်ချဲ့လက်ဟောင်း (လက်သစ်) နိုင်ငံများက လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ကာ မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားကို အမျိုးသားရေးအမြင်ဖြင့် အကောင်အထည်ဖော်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်တွင်းရေးကို မလိုတမာဝင်စွက်ကာ မမှန်မကန်စွပ်စွဲပုတ်ခတ်နေပေသည်။ ကိုလိုနီလက်ဟောင်းပုံစံ ကမ္ဘာကလက်မခံတော့သဖြင့် ကိုလိုနီပုံစံသစ်ဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ဝါးမျိုနိုင်ရန် အားထုတ်ရာတွင် ယခုကဲ့သို့ မီဒီယာများသုံးပြီး မမှန်မကန်စွပ်စွဲပုတ်ခတ်သည့် နည်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

မြန်မာနိုင်ငံပညာရေးသမိုင်းကို ပြန်ပြောင်းကြည့်လိုက်လျှင် ရှေးမြန်မာမင်းအဆက်ဆက် လက်ထက်ကတည်းက ဘုန်းကြီးကျောင်းသင် ပညာရေးစနစ်ဖြင့် မြန်မာတို့ သင်ကြားတတ်မြောက်ခဲ့ကြသည်။ ဘာသာတရား အဆုံးအမဖြင့် ကြီးပြင်းလာရသဖြင့်လည်း ယဉ်ကျေးသိမ်မွေ့ကြသည်။ မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးသည့်နောက် မြန်မာတို့၏အမျိုးသားပညာရေးစနစ်ကို ဖျက်လိုဖျက်ဆီးလုပ်ကာ ကျွန်ဝန်ထမ်းများ မွေးထုတ်နိုင်မည့် ကျွန်ပညာကို ချမှတ်သင်ကြားစေခဲ့သည်။

ကိုလိုနီပညာရေးစနစ်သည် နယ်ချဲ့တို့၏ ဗျူရိုကရေစီအုပ်ချုပ်ရေးအတွက် အထောက်အကူပြုသည့် ပညာရေးစနစ်သာ ဖြစ်ခဲ့သည်။ အသက်မွေးဝမ်းကျောင်းပညာရပ်များကို အားပေးမှုနည်းခဲ့သည်။ ခေတ်မီနည်းပညာရပ်များ၊ အဆင့်မြင့်နည်းပညာရပ်များ၊ အသက်မွေးမှု ဖူလုံအဆင့်မြင့်စေမည့် ပညာရပ်များ သင်မပေးခဲ့ချေ။ ကျွန်ပညာပီပီ ကျွန်များမွေးထုတ်ပြီး မြန်မာတို့ကျွန်သက်ရှည်စေမည့် ပညာရေးစနစ်သာ ဖြစ်ခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း တက္ကသိုလ်ပညာရေးစနစ် အပါအဝင် အဆင့်ဆင့်သော ပညာသင်ကြားရေးစနစ်သည် ကိုလိုနီပညာရေးကို မွမ်းမံဖာထေးရုံလောက်သာ လုပ်နိုင်ခဲ့သည်။ ၁၉၆၄ခုနှစ် တော်လှန်ရေးကောင်စီ ဥပဒေအမှတ်(၉)ဖြင့် ၁၉၆၄ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးဥပဒေပြဋ္ဌာန်းခဲ့သည်။ အခြေခံပညာရေးပြုပြင်ရန်လည်း စတင်အားယူခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေပြဋ္ဌာန်းပြင်ဆင်ချက်များဖြင့် မြန်မာ့ပညာရေးစနစ်တွင် ကိုလိုနီအငွေ့အသက်များ ဖယ်ထုတ်ပြုပြင်ခဲ့သည်။ အခြေခံပညာ၊ အဆင့်မြင့်ပညာတို့တွင် ပညာရည်မြင့်မားရေးအတွက် နှစ်တို၊ နှစ်ရှည်

ဆရာချစ်

စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်သည်။ ပညာရေးနှီးနှောဖလှယ်ပွဲများ ကျင်းပကာ နည်းလမ်းကောင်း၊ အခြေခံကောင်းများရယူခဲ့သည်။ တစ်ဖက်တွင် အစိုးရက ပြည်ထောင်စုတစ်ဝန်းလုံး၌ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများ၊ တက္ကသိုလ် ကောလိပ်များ၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များ တိုးတက်တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်ကို မြန်မာတို့ သိကြပြီးဖြစ်သည်။

နိုင်ငံတော်ကြီး ခေတ်မီစွာအဆင့်မြင့်နည်းပညာရပ်များဖြင့် တိုးတက်ဖွံ့ဖြိုးလာအောင် တည်ဆောက်ရေးတွင် လိုအပ်မည့် စွမ်းရည်မြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာစေရန် ၂၈-၅-၁၉၉၈ ရက်နေ့တွင် ရည်မှန်းချက်ရှစ်ခုဖြင့် အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများကို ဖွင့်လှစ်ခဲ့သည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနအသီးသီးမှဖွင့်လှစ်သော သင်တန်းများနှင့် သင်တန်းသားအရေအတွက်မှာ ၂၈-၅-၁၉၉၈ မှ ၃၁-၈-၂၀၀၂ ရက်နေ့အထိ သင်တန်းအမျိုးအစား ၁၃၄ ခုတွင် သင်တန်းသား ၆၁၀၃၃ဦး တက်ရောက်သင်ကြားခဲ့ပြီးဖြစ်သည်။

ဝိဇ္ဇာပညာရပ်၊ သိပ္ပံပညာရပ်များ၌ ကျွမ်းကျင်သော ဝါရင့်ပညာရှင်များအနေဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ပါဝင်ပညာဒါနပြုနိုင်ရန် ၁၆-၈-၉၉ ရက်နေ့တွင် အဖွဲ့ဝင်ပေါင်း ၇၁၇ဦးပါဝင်သော မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့ကို တည်ထောင်ခဲ့သည်။ မြန်မာ့ပညာရည်တိုးတက်မြင့်မားရေးအတွက် အာဆီယံအသင်းကြီး အပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ပညာရည်မြှင့်တင်မှု အစီအစဉ်များအတွက် အဆင့်ဆင့်သော ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ မိဘ၊ ဆရာ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ စေတနာရှင်ပြည်သူများပူးပေါင်းကာ စာသင်ကျောင်းတိုင်းလောက်နီးနီးတွင် သင်ကြားမှုသင်ယူမှု အထောက်အကူပြု Multi-media စာသင်ခန်းများ ဖွင့်ထားကာ ကလေးတို့ အဆင့်မြင့်ခေတ်မီနည်းပညာများ ဆည်းပူးနေကြပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ မြို့နယ်၃၂၄ မြို့နယ်တွင် မူလတန်းကျောင်း ၃၅၉၄၈၊ အလယ်တန်း ၂၁၁၁နှင့် အထက်တန်း ၉၅၂ကျောင်း ဖွင့်လှစ်ထားသည်။ ကျောင်းသားကျောင်းသူ ဦးရေ၊ ဆရာ ဆရာမဦးရေနှင့် အခြေခံပညာအသုံးစရိတ်တို့လည်း ဆပွားပုံစံဖြင့် တိုးတက်လာသည်။

၁၉၈၈ ခုတွင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ ၃၂ ခုသာရှိရာမှ ယနေ့ ၁၅၀ ကျော်လာပြီဖြစ်သည်။ ငါးဆမျှတိုးတက်လာခြင်းဖြစ်သည်။ ပြည်နယ်၊ တိုင်းဒေသများအတွင်း တက္ကသိုလ်ပညာလက်လှမ်းတစ်မီသင်ကြားနိုင်ရန် ပြည်နယ်၊ တိုင်း၊ မြို့တော်များမှာသာမက ခရိုင်မြို့များမှာပင် နည်းပညာကောလိပ်၊ တက္ကသိုလ်၊ ကွန်ပျူတာကောလိပ်များ ဖွင့်ပေးထားပြီးဖြစ်သည်။

ပညာရည်မြှင့်တင်ရေးကြိုးပမ်းမှုများကလည်း ရပ်တန့်မနေ၊ ရှေ့သို့သာ ရွေ့လျားလျက်ရှိသည်။ အဝေးသင်ပညာရေးစနစ်၊ စာမတတ်သူပပျောက်ရေး အသုံးလုံးကျေစနစ်၊ ကျောင်းနေသည့်အရွယ်ကျောင်းအပ်နှံရေး ကြိုးပမ်းမှုတို့သည် နိုင်ငံတွင်ဆင်းရဲချမ်းသာမရွေး၊ မြို့၊ ရွာကျေးလက်မရွေး၊ ပြည်သူအားလုံး ပညာတတ်မြောက်စေမည့် လုပ်ရပ်ဖြစ်ပေသည်။

ဂြိုဟ်တုဆက်သွယ်ရေးစနစ်၊ ကွန်ပျူတာကွန်ရက်စနစ်တို့ဖြင့်လည်း ပညာရပ်များ ဖြန့်ဖြူးသင်ကြားပေးလျက်ရှိပေသည်။ e-Education ခေါ် အီလက်ထရွန်နစ်သုံး ပညာသင်ကြားရေးပုံစံလည်း အခိုင်အမာ အခြေချမိပြီးဖြစ်သည်။ ဒီမိုကရေစီနိုင်ငံကြီးအချို့ဆိုသည်တွင် အသားအရောင်ခွဲခြားမှု အကျင့်က မပျောက်သေးချေ။ ထိုနိုင်ငံများ၌ အသားအရောင်၊ လူမျိုး၊ အဆင့်အတန်းခွဲခြားထားသဖြင့် လူတိုင်းစာတတ်ရန်မလွယ်၊ ပညာရေးဝေစု အညီအမျှမရနိုင်ကြချေ။ မြန်မာနိုင်ငံတွင် အသားအရောင်၊ လူမျိုး၊ အဆင့်အတန်း၊ ကျေးလက်၊ မြို့ပြစသည့် ဒေသခွဲခြားကန့်သတ်မှုမျိုး လုံးဝမရှိ အားလုံး ပညာသင်နိုင်ကြသည်။

စက်မှုထွန်းကားသော အရင်းရှင်နိုင်ငံများတွင် ပြည်ပမှ ဈေးချိုသော အလုပ်သမား များများစားစားရရှိရန် လူဝင်မှုစည်းဖျက်ချိုးကာ မှောင်ခိုအလုပ်သမားများ လက်ရပ်ခေါ် လက်ခံအသုံးပြုကြသည်။ အလားတူပင် ဖွံ့ဖြိုးဆဲနိုင်ငံများစွာမှ ပညာအရည်အချင်းကောင်းရှိထားသူများကိုလည်း မက်လုံးပြကာ သွေးဆောင်ခေါ်ယူကြသည်။ သက်ဆိုင်ရာနိုင်ငံအတွက် ပညာတတ်များ ဆုံးရှုံးရပြီး ထိုစက်မှုအရင်းရှင်နိုင်ငံများအတွက် ဈေးချိုသော ပညာရှင်အလုံအလောက်ရရှိ အမြတ်ထွက်စေသည့် ဈေးချိုသော လုပ်သား၊ ဈေးချိုသောပညာရှင်ဆိုသည်မှာ ၎င်းတို့မူရင်း လူဖြူလုပ်သား၊ လူဖြူပညာရှင်တို့အား ပေးသောလုပ်ခ၊ လစာမျိုး မပေးရဘဲလုပ်ခ၊ လစာချိုးနှိမ် လျှော့အပေးခံရသည့် ပြည်ပမှဝင်ရောက်လာသူများဖြစ်သည်။ ထိုသို့ နိုင်ငံများစွာမှ ပညာတတ်၊ ပညာရှင်များကို ခေါ်လာမြောင်းဖောက်ပြီး သွေးဆောင်ခေါ်ယူခြင်းကို ဦးနှောက်ယိုစီးမှု (Brain drain)ဟု သုံးကြသည်။ သူများလယ်ကွက်မှ ရေများကို မိမိလယ်ကွက်ထဲစီးဝင်လာအောင် ကန်သင်းမှ ဖောက်ယူသောနည်း (ရေသူခိုးနည်း) ဖြစ်သည်။ မြန်မာနိုင်ငံသည် မိမိနိုင်ငံတွင်း၌သာ ပညာတတ်၊ ပညာရှင်ကောင်းများကို ကိုယ့်အားကိုယ်ကိုး မွေးထုတ်ပေးလျက်ရှိသည်။ သူများလယ်ထဲမှ ရေကို ကန်သင်းခိုးဖောက်သွယ်ယူခြင်းမျိုး မရှိပေ။

ယနေ့ မြန်မာနိုင်ငံသည် ကိုလိုနီပညာရေး(ကျွန်ပညာရေး)ကို အကြွင်းမဲ့ဖယ်ထုတ်ပြီး မြင့်မား၍ ခေတ်မီသော အမျိုးသားပညာရေးစနစ် ပီပီပြင်ပြင် ချမှတ်ဆောင်ရွက် အောင်မြင်လျက်ရှိ၏။ အပြစ်ကင်း၏။ မှန်ကန်မျှတ၏။ **မြန်မာ့ပညာရေးစနစ်သည် အမျိုးသားရေး သစ္စာဖောက် ပုဆိန်ရိုးများကို မွေးမထုတ်။ တိုင်းချစ်ပြည်ချစ်၊ ပြည်ထောင်စုချစ်ပညာရှင်များကိုသာ မွေးထုတ်လျက်ရှိ၏။ ကိုလိုနီအမွေဆိုးကို ဖယ်ရှားကာ အမှိုက်ပုံးထဲ ထည့်လိုက်နိုင်၍ ကိုလိုနီ (လက်ဟောင်းလက်သစ်) ဝါဒီတို့နှင့် ၎င်းတို့၏ လက်သပ်မွေး တစ်ပါးကျွန်တို့က ပုတ်ခတ်နေသော်လည်း မြန်မာ့ပညာရှေ့အိုးကြီးကား ပြိုးပြက်ထိန်ညီးလျက်ရှိနေပေသည်။ ။**



ပုဇွန်တောင်မြို့နယ် ဗုဒ္ဓကလျာဏယုဝအသင်း(YMBA)က ကြီးမှူးကျင်းပသော (၅၅)ကြိမ်မြောက် မင်္ဂလာတရားတော်စာမေးပွဲ ဆုချီးမြှင့်ပွဲကို ဇွန်၁၂ရက်က ဝိုင်အမ်ဘီအေခန်းမတွင်ကျင်းပရာ မြန်မာတစ်နိုင်ငံလုံး မင်္ဂလာတရားတော်စည်းရုံးရေး ပထမဆုကို ဇမ္ဗူရတနာယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်းဆရာတော် အရှင်သြဘာသအား သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးက ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၃)ရပ်ကွက် အတွင်းရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၃ ရက်က အမက(၂၇) ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးပေါချိန်က ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းဝေသို့ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်ကြီးကြပ်၍ ရပ်ကွက်အတွင်းရှိ လမ်းများမှ စွန့်ပစ်ရောင်စုံကြွပ်ကြွပ်အိတ်များအား အပတ်စဉ် (စနေနေ့)တိုင်း သိမ်းဆည်းလျက်ရှိရာ ဇွန် ၁၂ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လှိုင်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဗိုလ်ကြီးမင်းမင်းဦးနှင့် တာဝန်ရှိသူများက အမှိုက်အိတ် ပိဿာချိန် ၂၅ ပိဿာကို အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းစဉ်။ (က-ပ)

စာမျက်နှာ ၉ မှ

နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ မြင့်မားရေးနှင့် စီးပွားရေးဖြစ်ထွန်းရေးအတွက် ထားရှိဆောင်ရွက်နေသော စေတနာနှင့် သဘောထားကို နားလည်သဘောပေါက်ခံယူပြီး မြို့နယ်အဆင့်ရှိ တာဝန်ခံဝန်ထမ်းများကလည်း ကျေးလက်ဒေသများဖွံ့ဖြိုးရေးကို စေတနာထားအလေးပေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကျေးလက်နေပြည်သူများနှင့် တစ်သားတည်း နေထိုင်ကျင့်ကြံပြီး ပြည်သူများ၏ဘဝကို နားလည်စာနာတတ်ရမှာဖြစ်ကြောင်း။

ကျေးလက်များ ဖွံ့ဖြိုးမှသာ မြို့ပြများလည်း ဖွံ့ဖြိုးစည်ပင်ပြီး တစ်မြို့နယ်လုံး ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ထို့ကြောင့် မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေး၊ စီးပွားရေးဘဝ တိုးတက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အားထုတ်လုပ်ကိုင်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး လမ်းတစ်လျှောက်၌ ဝက်လက်မြို့နယ်နှင့် ရေဦးမြို့နယ်ဒေသတွင်း ရာသီဥတုကောင်းမွန်မှု၊ စိုက်ပျိုးရေရရှိမှုများကြောင့် တစ်ခွင်တစ်ပြင် စိမ်းလန်းစိုပြည်နေသော မိုးစပါးအပါအဝင် စိုက်ခင်းများကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရေဦးမြို့သို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက မြို့နယ်အတွင်း လယ်မြေများအနက် သဖန်းဆိပ်ရေလှောင်တမံမှ ရေများကို ကင်းတပ်ဆည်နှင့် ကာဘိုးဆည်တို့မှတစ်ဆင့် စိုက်ပျိုးရေအဖြစ် ဖြန့်ဖြူးပေးနိုင်ခြင်းကြောင့် ရေဦးမြို့နယ်၌ စပါးစိုက်ဧက ၁၁ဒသမ ၅သိန်းခန့်အထိ တိုးတက်လာမှုအခြေအနေ၊ ၂၀၀၃–၂၀၀၄ခုနှစ် မိုးစပါး၊ နွေစပါးစိုက်ပျိုးထုတ်လုပ်နိုင်မှု၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ ၂၀၀၄–၂၀၀၅ ခုနှစ် မိုးစပါး စိုက်ပျိုးထုတ်လုပ်ရန် လျာထားချက်၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသော ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရေဦးမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

စုပေါင်းအကောင်အထည်ဖော်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရေဦးမြို့နယ်သည် သဖန်းဆိပ်ရေလှောင်တမံ၏ အကျိုးပြုမှုကြောင့် ယခင်ကနှင့်မတူဘဲ စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာကြောင်း၊ အထက်မြန်မာပြည်အပိုင်းရှိ ဆန်လိုဒေသများကို ပံ့ပိုးအထောက်အကူပြုနိုင်ရေးအတွက် စစ်ကိုင်းတိုင်းသည် ဆန်စပါးကို ပိုမိုစိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်ရာ ရေဦးမြို့နယ်ကလည်း မိမိ၏ရေခံမြေခံအခြေခံကောင်းများကို အပြည့်အဝအသုံးချ၍ ဆန်စပါး ပိုမိုစိုက်ပျိုးထုတ်လုပ်သွားရန်လိုအပ်ကြောင်း မှာကြားပြီး ကျေးလက်ဒေသများဖွံ့ဖြိုးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်တော၊ သစ်ပင် ထိန်းသိမ်းစိုက်ပျိုးရေး၊ စည်ပင်သာယာရေးအဖွဲ့လုပ်ငန်းများ ပီပြင်စွာ လုပ်ကိုင်ဆောင်ရွက်ရေး၊ လုပ်ငန်းတာဝန်များကို စုပေါင်းညှိနှိုင်း၍ စုပေါင်းတာဝန်ယူ၊ စုပေါင်းအကောင်အထည်ဖော်ကြရန် မှာကြားကာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ငွေလှူဒါန်း

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် မုံရွာမြို့နယ် ခတက္ကန်ကျေးရွာရှိ မဟာဗောဓိတစ်ထောင်ကျောင်းတိုက်သို့ သွားရောက်ကြပြီး မဟာဗောဓိတစ်ထောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒအား ပူဇော်ကန်တော့ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လှူဖွယ်ပစ္စည်းများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးအတွက် အလှူငွေများ လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(မုံရွာ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ အစိုးရနည်းပညာကောလိပ်(မုံရွာ) ကျောင်းအုပ်ဒေါ်အေးနွဲ့စံနှင့် ဆရာ ဆရာမများ၊ အစိုးရကွန်ပျူတာကောလိပ်(မုံရွာ) ကျောင်းအုပ်ဒေါ်လှိုင်သီတာဦးနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက အစိုးရနည်းပညာကောလိပ်(မုံရွာ)နှင့် အစိုးရကွန်ပျူတာကောလိပ်(မုံရွာ)တို့၏ သင်ကြားစီမံကိန်းစုရပ်များကို ပဏာမရှင်းလင်းတင်ပြသည်။

တွေ့ဆုံနှုတ်ဆက်

ဇွန် ၁၅ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်နိုင်ငံ Sojitz Corporation မှ ဥက္ကဋ္ဌ Mr. Kazunori Teraoka နှင့် အဖွဲ့အား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်း–ကျော်ဖုံး) (သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ ရန်ပုံငွေရုပ်ရှင်ပြပွဲတွင် ကူညီခဲ့သူများအားဂုဏ်ပြုလွှာပေးအပ်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့၏ ရန်ပုံငွေရုပ်ရှင်ပြပွဲတွင် ကူညီခဲ့သူများအား ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(အေ)၌ ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်များအဖွဲ့) ဦးဆောင်နာယကကြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတက်ရောက်၍ ဂုဏ်ပြုလွှာများချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဦးသိန်းအောင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်များအဖွဲ့)နာယကကြီးများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်များအဖွဲ့) ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်လေးကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ချီးမြှင့်

ထို့နောက် ရန်ပုံငွေရုပ်ရှင်ပြပွဲတွင် ကူညီခဲ့ကြသူများဖြစ်သော ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည် ကိုယ်စား ညွှန်ကြားရေးမှူး(ထုတ်လုပ်ရေး) ဦးမြင့်သိန်းဖေအားလည်းကောင်း၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်ရေး) ဦးမြင့်သိန်းဖေအားလည်းကောင်း၊ 'အမေ့နို့ဘိုး' ရုပ်ရှင်ကားအလှူရှင် အမျိုးသားရုပ်ရှင်မှ ဦးစိန်တင်ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက လည်းကောင်း၊ Luck Seven ရုပ်ရှင်မှ 'Style' ရုပ်ရှင်ကားအလှူရှင်ဒေါ်အေးအေးဝင်းအား လည်းကောင်း၊ မင်္ဂလာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဇော်မင်းအားလည်းကောင်း၊ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ ဈေးကွက် စီးပွားရေးအကြံပေး ပုဂ္ဂိုလ်ဦးသိန်းဆိုင်ကိုယ်စား ဦးဇင်အောင်အားလည်းကောင်း၊ ငွေကျပ်သုံးသိန်းအလှူရှင် ကြယ်တံခွန်ရုပ်ရှင်မှ ဒေါ်စန်းစန်းဆွေနှင့် သမီးရုပ်ရှင်သရုပ်ဆောင် ခင်ဇာခြည်ကျော်တို့ ကိုယ်စား ဦးမြစိန် အားလည်းကောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်များအဖွဲ့) ဦးဆောင်နာယကကြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဂုဏ်ပြုလွှာများကို အသီးသီးချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်များအဖွဲ့) ဦးဆောင်နာယကကြီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့၏ ရန်ပုံငွေ ရုပ်ရှင်ပြပွဲတွင် ကူညီသူများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းက အစိုးရနည်းပညာကောလိပ်(မုံရွာ) ပင်မဆောင်အပါအဝင် တည်ဆောက်လုပ်ငန်းများဆောင်ရွက်နေမှုကို ဗိသုကာပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အစိုးရနည်းပညာကောလိပ်(မုံရွာ) ကျောင်းအုပ်က ကောလိပ်၏တည်နေရာနှင့် အကျယ်အဝန်း၊ သင်ကြားပို့ချလျက်ရှိသော ဘာသာရပ်များ၊ ဘွဲ့နှင့် ဒီပလိုမာများအပ်နှင်းမှု၊ စက်မှုပညာရှင်များ မွေးထုတ်ပေးမှု၊ ဆရာ ဆရာမဦးရေ၊ ကျောင်းသားကျောင်းသူ အင်အားအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစိုးရကွန်ပျူတာကောလိပ်(မုံရွာ) ကျောင်းအုပ်က ကောလိပ်၏ရည်ရွယ်ချက်၊ သင်ကြားရေး ဆရာ ဆရာမ ဦးရေ၊ ကျောင်းသားကျောင်းသူအင်အား၊ အပ်နှင်းမည့်ဘွဲ့များ၊ အသုံးပြုနေသော သင်ထောက်ကူပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားပြီး အစိုးရနည်းပညာကောလိပ်(မုံရွာ)၏ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးညှင်း သမ္ဗုဒ္ဓေစေတီတော်ကြီးသို့ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် မုံရွာမြို့ မြဝတီရိပ်သာသို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၆–၆–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၀၅	၆။	အဆိုပြိုင်ပွဲ
၈:၁၅	၇။	ကျောက်တလုံးရေကူရေလှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	Learning English the Easy and Happy Way for Children and Beginners

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (သင်္ချာ)
၁၇:၁၅	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၁၇:၃၀	၇။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၄၀	၈။	သီချင်းကြီးပဒေသာ
၁၇:၅၅	၉။	ကရင်တို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
၁၈:၀၀	၁၀။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၈:၁၀	၁၁။	Discovery
၁၈:၂၀	၁၂။	တေးဂီတအစီအစဉ်
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၉:၁၅	၁၆။	တေးဂီတအစီအစဉ်
၁၉:၃၀	၁၇။	သစ်သီးဝလံပေါပြည့်ဝေဆာ ဥယျာဉ်ခြံမှာ
၁၉:၄၀	၁၈။	ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	**"အချစ်ဆိုသည်မှာ"** (အပိုင်း–၄၉)
	၂၃။	မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၂:၃၀	၂၄။	Euro-2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(ဂရိနှင့် စပိန်)**

နံနက်ပိုင်း

၁:၁၅	၂၅။	Euro-2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(ရုရှားနှင့် ပေါ်တူဂီ)**
	၂၆။	နောက်တစ်နေ့အစီအစဉ်
	၂၇။	အစီအစဉ်ပြီး၏။

စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ရန်ကုန်တိုင်းအတွင်းရှိ စက်ရုံများလှည့်လည်စစ်ဆေး

ရန်ကုန် ဇွန် ၁၅

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် ဗိုလ်မှူးချုပ်ကျော်ဝင်းတို့နှင့်အတူ ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ ရောက်ရှိပြီး မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း တစ်နေ့တန်(၂၀၀) ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း)အတွက် Smart Marine Engineering Co., Ltd. က တည်ဆောက်ပြီး မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၌ ရေယာဉ်အောက်ပိုင်းတက်မပိုင်းဆိုင်ရာ ပန်ကာနှင့်ဝင်ရိုးတပ်ဆင်မှုလုပ်ငန်းများ၊ စက်ပိုင်းဆိုင်ရာတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော မောင်မြန်မာ(၃)ရေယာဉ်ကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ထိုမှတစ်ဆင့်ဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်း၌ Smart Marine Engineering Co., Ltd. က တည်ဆောက်လျက်ရှိသော ရေယာဉ်အမျိုးအစား 350 DWT Powered Oil Barge မောင်မြန်မာ(၄) ရေယာဉ်တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း စက်ဘီးစက်ရုံ (ရန်ကုန်)သို့ရောက်ရှိပြီး စက်ဘီးပြခန်းဆောင်၌ ပြသထားသော စက်ရုံထုတ်မောင်မြန်မာစက်ဘီးများ၊ ခရီးသည်တင် သုံးဘီးတပ်စက်ဘီး၊ ထပ်မံတိုးချဲ့ထုတ်လုပ်မည့် စက်ဘီး အစိတ်အပိုင်း ၁၅ မျိုးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် တိုးချဲ့စက်ရုံများဖြစ်သည့် ခွေအချောကိုင်စက်ရုံ၊ကြေးရေစိမ်စက်ရုံ၊ ပိုက်လုံးထုတ်လုပ်မှုစက်ရုံ၊ Control Stored (Two Stored) တည်ဆောက်မှုနှင့် Finish Products Ware House တည်ဆောက်မှုလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးရာ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက တည်ဆောက်မည့် ပုံစံကားချပ်များဖြင့်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက မြို့ပြဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများကို ရေရှည်မျှော်မှန်း၍ ခိုင်ခံ့တည်မြဲမှုအတွက် စီမံဆောင်ရွက်သွားရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ မှာကြားပြီး ပြည်ပသို့ သင်တန်းသားများစေလွှတ်ရေး၊ နည်းပညာများကို လက်ဆင့်ကမ်း သင်ကြားပို့ချ၍ လေ့ကျင့်ပျိုးထောင်ပေးရေးကိစ္စများကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သည်အောင်မြေ ညောင်နှစ်ပင်စခန်း

* သည်အောင်မြေ ညောင်နှစ်ပင်စခန်းမှာလ
ရည်ဆောင်ပေ အောင်မြင်မှန်းကာပ
စာတမ်းတွေ ပြုစုနေ၊

* ဒို့ပြည်ထောင် ဒို့အရေးပေမို့
ဒို့ညီနောင် ဒို့အတွေးနဲ့
ဆွေးနွေးလို့နေ။

* ဘယ်သူတွေ ဘယ်လိုပြောပေမယ့်
ဘယ်မှုတွေ ဘယ်လိုကောရယ်လို့
ဒို့သဘောက အရင်းခံပေ
ကြားလူတွေ ဖယ်ရှား၊

* ဝေဖန်သူ နောင်တွင်ဝေးမှာမို့
အခြေခံမူ အောင်မြင်ရေးကိုလ
(ပြည်ထောင်စုသားတို့ရယ်) ရှေးရှုစို့လား။ ။

တက္ကသိုလ်တင်ခ

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မလေးရှားမှပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၁၅

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပသည့် နဝမအကြိမ်မြောက် အာရှဒေသဆိုင်ရာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကွန်ဖရင့် (The 9th Annual Asia Oil and Gas Conference)သို့တက်ရောက်ခဲ့ပြီး ယနေ့နံနက်၈နာရီ၄၅မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ **(အပေါ်ပုံ)**

မြန်မာကိုယ်စားလှယ်အဖွဲ့အား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

❒ **ကျောဖုံးမှ**

စုံညီအစည်းအဝေးသို့ တင်သွင်းမည့် အကြံပြု စာတမ်းဖတ်ကြားခြင်းတို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းများ၌ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့်ညီလာခံကိုယ်စားလှယ်များတက်ရောက်ကြသည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့်စာတမ်းပြုစုသူများ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ဆက်လက်ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော မြို့(ခေါ်)ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီး၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလှ၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်း၊ စာတမ်းပြုစုသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များနှင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄) မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ခြောက်ဦး စုပေါင်းတင်ပြသည့် အကြံပြုစာတမ်းနှင့် စပ်လျဉ်း၍ သဘာပတိအဖွဲ့နှင့် စာတမ်းပြုစုသူများ ညှိနှိုင်းဆွေးနွေးကြပြီး ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီ မိနစ် ၄၀ တွင် ရပ်နားလိုက်သည်။

အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြန်မာနိုင်ငံ နည်းပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရုပ်ရှင်ဒါရိုက်တာဦးခင်ဇော်နှင့် ပါမောက္ခဌာနမှူးနှင့် ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာသိန်းညွန့်(ညွန့်ဝေ–ကသာ) တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ဦးရှိသည့်အနက် ၅၅ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၂၁ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိမြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစောကအဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့်အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြချက်များအပေါ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစိန်သန်း၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့အမှုဆောင်အဖွဲ့ဝင် ဒေါ်ရီရီမြင့်၊ ရုပ်ရှင်ပညာရှင် ဦးညွန့်ဝင်း၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာကိုလေး၊ ပဲခူးတိုင်း တိုင်းတရားသူကြီးဦးဝင်းတင်တို့က အကြံပြုစာတမ်းများကို ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် အကြံပြုစာတမ်းများနှင့် စပ်လျဉ်း၍ အသိပညာရှင်အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော စာရေးဆရာနှင့် တရားရုံးချုပ်ရှေ့နေ ဦးမြတ်သူ(တက္ကသိုလ်မြတ်သူ)၊ ဆေးသိပ္ပံဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမောင်မောင်ဝင့်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်ဇော်တို့က ဆွေးနွေးသွားသည်။

ယင်းနောက် သဘာပတိက အမျိုးသား ညီလာခံစုံညီအစည်းအဝေးတွင် အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့က တင်သွင်းမည့် အကြံပြုစာတမ်းနှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်များ၏ ဆန္ဒကိုရယူပြီး အတည်ပြုကြောင်းကြေညာသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲ၁၂နာရီမိနစ်၅၀တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံအစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင်များနှင့် အကြံပြုစာတမ်းပြုစုတင်ပြသည့်စာတမ်းပြုစုသူများ ညှိနှိုင်း ဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား "သူ့ကျွန်မခံပြီ" ရုပ်ရှင်ဇာတ်ကားဖြင့်ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၁၅

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည ၇ နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာကြည်စိုးထွန်းရိုက်ကူးပြီး သရုပ်ဆောင် ညွန့်ဝင်း၊ ကျော်သူ၊ လွင်မိုး၊ ကျော်ရဲအောင်၊ အောင်ခိုင်၊ မေသန်းနုနှင့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားသည့် "သူ့ကျွန်မခံပြီ" ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များကြည့်ရှုအပန်းဖြေကြသည်။ **(သတင်းစဉ်)**

16-6 (12).p65 1 3/1/2032, 07:40 AM

■ ကျောဖုံးမှ

အုပ်စု(က)မှ အသင်းများ၏ ဒုတိယပွဲစဉ်များဖြစ်ရာ အုပ်စုတက်ရေးအဓိကကျသော ပွဲစဉ်များပင်ဖြစ်သည်။ လေးသင်းစလုံး ကွာတားဖိုင်နယ်တက်ရန် မျှော်လင့်ချက် ရှိနေကြဆဲဖြစ်ရာ အဖွင့်ပွဲစဉ်မှအမှားများကို သင်ခန်းစာယူ ပြင်ဆင်ပြီး ရေကုန်ရေခန်း ယှဉ်ပြိုင်ရမည့် အနေအထားဖြစ်သည်။

ဂရိအသင်း

ဂရိနှင့်စပိန်နှစ်သင်းစလုံး အဖွင့်ပွဲစဉ်များ၌ အနိုင်ရရှိခဲ့ကြရာ စိတ်ဓာတ်ရေးရာအရ မြင့်မားနေကြသည်။ ဂရိအသင်းက ပြိုင်ပွဲ၏ပထမဆုံးနေ့တွင် အိမ်ရှင်ပေါ်တူဂီအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ရာ ဂရိဘောလုံးသမိုင်း၌ အကြီးကျယ်ဆုံး အောင်ပွဲဖြစ်ပြီး ဂရိနိုင်ငံ အေသင်မြို့၌ ကားဟွန်းများတီးခြင်း၊ မီးရှူး မီးပန်းများ ပစ်လွှတ်ခြင်းတို့ဖြင့် ခြိမ့်ခြိမ့်သဲအောင်ပွဲခံခဲ့ကြသည်။

ဥရောပဖလား ဘောလုံးပြိုင်ပွဲကျင်းပခဲ့သည့် (၁၁)ကြိမ်တွင် ယခုကဲ့သို့ အိမ်ရှင်အသင်းပွဲဦးထွက်၌ ရှုံးရခြင်းမျိုးမရှိခဲ့ပေ။ ဂရိအသင်း၏ အနိုင်ရရှိမှုသည် ဥရောပဖလားဘောလုံးပြိုင်ပွဲ၌ သမိုင်းမှတ်တမ်းဝင်သွားစေခဲ့သော အောင်ပွဲပင်ဖြစ်သည်။ ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲနိုင်သည်ဟုရေပန်းစားနေသော အိမ်ရှင်ပေါ်တူဂီအသင်းကို အနိုင်ရခဲ့၍ ဂရိအသင်း မည်မျှ စိတ်ဓာတ်တက်ကြွနေမည်ကို သိနိုင်သလို ယှဉ်ပြိုင်ကစားသွားသည့် အနေအထားအရလည်း ခြေစွမ်းထက်ကြောင်း တွက်ဆနိုင်သည်။

စပိန်အသင်း

စပိန်အသင်းသည် ရုရှားအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်သာအနိုင်ရရှိခဲ့ရာ မိုရီယင်တေးစ်အစား လူစားဝင်လာသည့် ဗယ်လာရွန်ကကွင်းထဲဝင်လာပြီး နှစ်စက္ကန့်အကြာ၌ သွင်းယူခဲ့ခြင်းဖြစ်သည်။ စပိန်တို့ဂိုးရသည်မှာ ပွဲချိန် မိနစ်၆၀ဖြစ်ရာ နောက်ကျသည်ဟု ဆိုနိုင်သည်။ စပိန်အသင်းသည် စပိန်လာလီဂါမှ ကလပ်အသင်းများ ကစားလေ့ရှိသည့်အတိုင်း အကွက်စိပ်စိပ် လျှင်လျှင်မြန်မြန်ကစားဟန်ဖြင့် ရုရှားကိုအနိုင်ရရှိခဲ့သည်။ ရုရှားဂိုးသမားအိုချင်နီကော့ဗ်အစွမ်းပြနိုင်မှုနှင့် စပိန်တို့ ဂိုးသွင်း ညံ့ခြင်းကြောင့်သာ ဂိုးမပြတ်ခြင်းဖြစ်သည်။

စပိန်အသင်းအနိုင်ရရှိသဖြင့် နည်းပြအီနာကီဆာယက်စ် စိတ်သက်သာမှုရသွားသော်လည်း စပိန်အသင်း၏ ဂိုးသွင်းစွမ်းရည်အပေါ် စပိန်ပရိသတ်တို့က အားမလိုအားမရဖြစ်နေသည်။ စပိန်အနိုင်ရခဲ့သော ရုရှားအသင်းသည် ထိုနေ့ကခြေပျက်နေပြီး စပိန်အသင်း ကစားကွက်အောက်၌ လိုက်ကစားနေခဲ့ရသည်။ ပွဲချိန် ၈၈ မိနစ်တွင် ရုရှားအသင်းမှ ရှိမန်ရှုရှိနော့ဗ် နှစ်ဝါ အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီးနောက် ရုရှားအသင်း ကစားကွက် ဖရိုဖရဲနှင့် ပုံပျက်သွားခဲ့သည်။ ရုရှားနည်းပြက အဆိုပါအနေအထားအပေါ် ရုရှားကစားသမားများက စပိန်မှနာမည်ကျော်များကို ရှိန်နေသည်ဟုပြောသလို အလယ်တန်းလူမော်စတိုဗွိုင်က နည်းပြကျော်ဂျီယက်ဆက်ဗ်အပေါ် ဝေဖန်ပြောကြားခဲ့သည်။

အလားအလာ

ထိုသို့ ရုရှားအသင်း၏ အခြေအနေအရပ်ရပ်ကို ကြည့်လျှင် စပိန်အသင်း၏ ခြေစွမ်းမှာ နိုင်သာနိုင်သော်လည်း အကောင်းကြီးမဟုတ်ကြောင်းသုံးသပ်နိုင်သည်။ သို့သော် စပိန်အသင်းသည် တစ်ပွဲထက်တစ်ပွဲပိုကောင်းလာနိုင်ပြီး အရန်အင်အားကောင်းသည့် အချက်က ဂရိထက်အားသာနေသည်။ ပေါ်တူဂီတို့ ခံစားလိုက်ရသော သင်ခန်းစာကို စပိန်တို့ကောင်းကောင်းကြီးသိနေမည်ဖြစ်သည်။ စပိန်အသင်းသည် ရုရှားနှင့်ပွဲတွင် ဘာရာဂျာ၊မာချီနာနှင့် အယ်ဘယ်ဒါတို့ အဝါကတ် ပြခံခဲ့ရသည်။

ဂရိအသင်းသည် ပေါ်တူဂီနှင့်ပွဲတွင် ကာရာဂူးနက်စ်၊ ဖီဆက်စ်နှင့် ဆီထရိုက်ဒစ်တို့ အဝါကတ်ပြခံခဲ့ရသည်။ နှစ်သင်းစလုံးအတွက်အားထားရသော အမာခံကစားသမားများပင်ဖြစ်သည်။ စပိန်နှင့် ဂရိပွဲစဉ်တွင်ဖြစ်ပေါ်လာနိုင်သည့် အနေအထားကိုသုံးသပ်ရလျှင် သရေနှင့် အဆုံးသတ်သွားနိုင်ဖွယ်ရှိသည်။ သို့သော် စပိန်အသင်းက အုပ်စုနောက်ဆုံးပွဲအဖြစ် အိမ်ရှင်ပေါ်တူဂီနှင့် ကစားရမည်ဖြစ်ရာ ယခုပွဲမှ သုံးမှတ်ကို အပြည့်ယူထားမှ စိတ်ချရမည့်သဘောဖြစ်နေသည်။

ရုရှားနှင့် ကစားခဲ့သည့် စပိန်အသင်း၏ ခြေစွမ်းကို မူတည်၍ သုံးသပ်ရလျှင် စာရေးသူအနေဖြင့် စပိန်က ရုရှားကို ပါးပါးလေး ကပ်နိုင်သွားလိမ့်မည်ဟု ထင်မိသည်။

ပေါ်တူဂီအသင်း

အိမ်ရှင်ပေါ်တူဂီအသင်းအနေဖြင့် အုပ်စုတက်ရောက်ရေးအတွက် ရွေးစရာ လမ်းမရှိတော့ဘဲ လက်ကျန်နှစ်ပွဲအနိုင်ကစားမှသာဖြစ်မည့် အနေအထားရောက်နေသည်။ စပိန်နှင့်ပွဲကိုအသာခေါက်ထား၍ ယခုပွဲအနိုင်ရရှိရေးကိုသာ အဓိက အာရုံစိုက်ရမည်ဖြစ်သည်။ ရုရှားကို သရေပင်အကျမခံနိုင်သော ပေါ်တူဂီအသင်းအဖို့ ဖောင်ဖျက်ကစားရမည့်ပွဲဖြစ်သည်။ ရုရှားကိုနိုင်မှသာ စပိန်နှင့်ပွဲ အသက်ဝင်လာမည်ဖြစ်၍ နည်းပြစကိုလာရီအဖို့မှာ သူ့ဘဝ နောင်ရေးအတွက် သေရေးရှင်ရေးတမျှ အရေးပါနေသည်။ ဂရိနှင့်ပွဲတွင် ပထမ လူစာရင်းထုတ်ရာ၌ ပါသင့်သူများ မပါဝင်ဘဲ လူစားလဲနောက်ကျ၍ ခံစားလိုက်ရသော စကိုလာရီအနေဖြင့် ယခုပွဲတွင် ခေါင်းမာမာနှင့် အတတ်ဆန်းထွင်လိမ့်ဦးမည်ဟု မထင်မိပေ။

ဂရိအသင်းကိုရှုံးခဲ့သည့် အချက်ကို ကြည့်၍ ပေါ်တူဂီအသင်း အုပ်စုမတက်နိုင်ဟု သုံးသပ်လျှင် ဆန္ဒစောရာကျပေလိမ့်မည်။ ပေါ်တူဂီအသင်းသည် ဂရိအသင်းကို လျှော့တွက်ခဲ့ပြီး နည်းပြ စကိုလာရီကလည်း ကစားသမား ပွဲထုတ်ပုံ မဟန်ခဲ့၍သာ မရှုံးသင့်ဘဲ ရှုံးခဲ့ရခြင်းဖြစ်သည်။ ပေါ်တူဂီအသင်းတွင် ဒေကို၊ နူနိုဂိုမက်နှင့် ခရစ္စတီယာနိုရော်နယ်ဒိုတို့ကို ပထမ ၁၁ ယောက် စာရင်း၌ ထည့်သုံးခဲ့လျှင် မရှုံးနိုင်ပေ။ အထူးသဖြင့် မန်ယူ၌ ခြေစွမ်းပြနေသော ရော်နယ်ဒိုကို ခေါက်ထားပြီး ဒုတိယပိုင်းမှ ထည့်ခြင်းသည် အမှားပင်ဖြစ်သည်။ ရော်နယ်ဒိုကြောင့် ပယ်နယ်တီပေးရသည်၊ ရော်နယ်ဒို လိမ်ခေါက်လွန်းသည်ဟု ထောက်ပြစရာရှိသော်လည်း ရော်နယ်ဒိုကို လွှတ်မထားရဲ၍ နှစ်ယောက်လောက် ဝိုင်းကပ်ထားသဖြင့် ကွက်လပ်များပေါ်လာသည်ကို မေ့မထားသင့်ပေ။

ဂရိနှင့်ပွဲတွင် လူးဝစ္စဖီဂို ခြေစွမ်းပြကစားသော်လည်း သူတစ်ဦးတည်းကောင်းနေရုံမျှနှင့် ဘာမျှဖြစ်မလာပေ။ လူးဝစ္စဖီဂိုကို လှုပ်မရအောင်၊ သူ့ဆီက ဘောလုံးကောင်းတွေ တက်မလာအောင် ဂရိက လူကပ် (Marking) ထားသဖြင့် လှုပ်မရဘဲဖြစ်နေသည်။ ရော်နယ်ဒို ဝင်လာမှ လူးဝစ္စဖီဂို ပို၍လှုပ်ရှားလာနိုင်ပြီး ဂိုးရှေ့သို့ ကန့်လန့်ဖြတ်ဘောများ အဆက်မပြတ်တင်လာနိုင်သည်။ ပေါ်တူဂီရခဲ့သောချေပဂိုးတစ်ဂိုးမှာ လူးဝစ္စဖီဂိုက ထောင့်ကန်ဘော ကန်ပို့ပေးပြီး ရော်နယ်ဒိုခေါင်းတိုက်သွင်းယူခဲ့ခြင်း ဖြစ်ရာ ဖော်မြူလာကွက်ဖြင့်ရသော ဂိုးဖြစ်သည်။ ထိုသို့ဖော်မြူလာကွက်နှင့် ဂိုးရနိုင်ရန်မှာ ရော်နယ်ဒိုနှင့် နူနိုဂိုမက်တို့ကို ပထမတာထွက် အသင်း၌ မဖြစ်မနေ ထည့်သုံးရလိမ့်မည်ဖြစ်သည်။

ရုရှားအသင်း

စပိန်ကိုရှုံးသောပွဲတွင် ရုရှားအသင်းခြေညံ့လှသည်မှာ မငြင်းနိုင်ပေ။ ထိုခြေစွမ်းဖြင့် ပေါ်တူဂီကို ဂရိထုံး နှလုံးမူ၍ အနိုင်ကစားရန်မှာ ဖြစ်နိုင်ချေနည်းလှသည်။သို့သော်ရုရှားအသင်းသည် တစ်ပွဲသာ ရှုံးထားသဖြင့် လက်ကျန်နှစ်ပွဲနိုင်လျှင် အုပ်စုတက်မည်ဆိုသော မျှော်လင့်ချက်ရောင်ခြည်ကတော့ ပျပျလေးရှိနေဆဲဖြစ်သည်။ ယူရို ၂၀၀၄ ပြိုင်ပွဲတွင် အိမ်ရှင်ပေါ်တူဂီမှလွဲ၍ ကျန် ၁၅ သင်းမှာ ခြေစစ်ပွဲများ အသီးသီးအောင်မြင်လာပြီးမှ ဝင်ပြိုင်ခွင့်ရခြင်းဖြစ်ရာ လတ်ဗီးယားအသင်းကိုပင် လျှော့တွက်၍ ရမည်မဟုတ်ပေ။ ရုရှားအသင်းအနေဖြင့်လည်း တစ်ချိန်က ဆိုဗီယက်ယူနီယံအသင်း၏ အောင်မြင်မှုအစဉ်အလာအရ တော်ရုံတန်ရုံနှင့်တော့ စိတ်ပျက်လက်ပျက်လျှော့သွားမည်မဟုတ်သည်မှာသေချာသည်။

အလားအလာ

ရုရှားအသင်း၏ ခြေစွမ်းမှာ ကောင်းလျှင်အလွန်ကောင်းပြီး ညံ့လျှင်အလွန်ညံ့နေသည်။ ရုရှားတို့၏ စိတ်ဓာတ်မာကျောမှုက ပေါ်တူဂီနှင့်ပွဲတွင် မည်မျှအရေးပါလိမ့်မည်ကိုသာ တွက်ဆထားရမည်ဖြစ်သည်။ပေါ်တူဂီအသင်းအနေဖြင့် ရုရှားအသင်းကို ရှုံးခဲ့မည်ဆိုလျှင် ထိုရလဒ်မှာ အကြီးမားဆုံး တလွဲတချော်ဖြစ်မှု(Up-set) ဟု ပြောရမည်ဖြစ်သကဲ့သို့ နည်းပြစကိုလာရီကိုလည်း အညံ့ဆုံးနည်းပြ (Poor Coach)အဖြစ် စာရင်းသွင်းရုံသာရှိတော့သည်။

ပေါ်တူဂီအသင်းမှ ကော်စတင်ညာနှင့် ပေါ်လက်တာတို့ ဂရိနှင့်ပွဲတွင် အဝါကတ်ထိထားကြသည်။ ရုရှားအသင်းမှ ဂူဆက်၊ စမာတင်၊ အယ်စ်ဒိုနင်နှင့် ရာဒီမော့ဗ်တို့ အဝါကတ်ထိခဲ့ကြသည်။ ရုရှားမှ ရှုရှိနော့ဗ်သည် နှစ်ဝါ အနီကတ်ထိခဲ့သဖြင့် ယခုပွဲ၌မပါနိုင်ပေ။

ဘောလုံးအားကစားတွင် မရှုံးဖူးသော ချန်ပီယံအသင်းနှင့် မရှုံးဖူးသော အိမ်ရှင်အသင်းဟူ၍ မရှိရာ ပေါ်တူဂီအသင်း ဂရိကို ရှုံးသည်မှာ လက်ခံနိုင်စရာရှိသည်။ သို့သော် ပေါ်တူဂီနှင့်ရုရှားပွဲတွင် ပေါ်တူဂီအသင်းကသာ အနိုင်ရရှိသွားလိမ့်မည်ဟု စာရေးသူမြင်ယောင်နေမိပေသည်။ ။

(မြန်မာ့အလင်း)

■ အုပ်စု(က) ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	ဂရိ	၁	၁	–	–	၂	၁	၃
၂	စပိန်	၁	၁	–	–	၁	၀	၃
၃	ပေါ်တူဂီ	၁	–	–	၁	၁	၂	၀
၄	ရုရှား	၁	–	–	၁	၀	၁	၀

■ အုပ်စု(ဂ) ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	ဆွီဒင်	၁	၁	–	–	၅	၀	၃
၂	အီတလီ	၁	–	၁	–	၀	၀	၁
၃	ဒိန်းမတ်	၁	–	၁	–	၀	၀	၁
၄	ဘူဂေးရီးယား	၁	–	–	၁	၀	၅	၀

ပြည်နယ်နှင့်တိုင်းတိုက်ကွမ်ဒိုပြိုင်ပွဲကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဇွန် ၁၅

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် အဌမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲနှင့် ဖွင့်ပွဲကို ယနေ့ ညနေ ၃ နာရီက အောင်ဆန်းအားကစား ပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက် အမှာ စကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး မောင်ကိုနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒို အဖွဲ့ချုပ် အမှုဆောင်များ၊ ဒိုင်လူကြီးများ၊ နည်းပြများ၊ ပြည်နယ်နှင့်တိုင်း အသီးသီးမှ အုပ်ချုပ်သူနည်းပြများ၊ ပြိုင်ပွဲဝင် အားကစားမောင်မယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၄၇ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ဇွန် ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ဒိန်းမတ်နှင့်အီတလီဂိုးမရှိသရေကျ၍တစ်မှတ်စီခွဲယူခဲ့ ဆွီဒင်က ဘူဂေးရီးယားကိုဂိုးပြတ်နိုင်ပြီးသုံးမှတ်ရရှိ

ရန်ကုန် ဇွန် ၁၅

၂၀၀၄ခုနှစ် ဥရောပ ဖလားဘောလုံးပြိုင်ပွဲ(Euro-2004)ကို ပေါ်တူဂီနိုင်ငံ၌ ဆက်လက် ကျင်းပလျက်ရှိရာ အုပ်စု(ဂ)အဖွင့်ပွဲစဉ်အဖြစ် ဇွန်၁၄ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲက ဒိန်းမတ်အသင်းနှင့် အီတလီအသင်းတို့ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေပွဲဖြစ်သွားသည်။

ဒုတိယ ပွဲစဉ်အဖြစ် ဇွန်၁၅ရက် မြန်မာစံတော်ချိန်နံနက် ၁ နာရီ ၁၅ မိနစ်တွင် ဆွီဒင်အသင်းနှင့် ဘူဂေး ရီးယားအသင်းတို့ယှဉ်ပြိုင်ရာ ဆွီဒင်အသင်းက ငါးဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။ အုပ်စု(ဂ)တွင် တစ်ပွဲစီ ကစားပြီးသွားချိန်၌ ဆွီဒင်က တစ်ပွဲနိုင် (၃)မှတ်၊ အီတလီနှင့် ဒိန်းမတ်တို့က တစ်ပွဲသရေ(၁)မှတ်စီနှင့်ဘူဂေးရီးယားက တစ်ပွဲရှုံး အမှတ်မရသေးပေ။

အီတလီနှင့်ဒိန်းမတ်

အုပ်စု(ဂ)မှ ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားနေသော အီတလီအသင်းနှင့် ဒိန်းမတ်အသင်းတို့၏ပွဲစဉ်ကို Estadio D.Afonso Henriques ကွင်း၌ကျင်းပရာ ပွဲကြည့်ပရိသတ် ၃၀၀၀၀ လာရောက်ကြည့်ရှုခဲ့ကြသည်။ အီတလီအသင်း အနိုင်ရမည်ဟု ထင်ကြေး ပေးထားခဲ့ကြသော်လည်း ကောင်းစွာခြေစွမ်းမပြနိုင်ဘဲ ပထမပိုင်းတွင် ဒိန်းမတ်အသင်းကပင် ပို၍ခြေသာပြီး ဂိုးသွင်းခွင့်များ ရရှိခဲ့သည်။

အုပ်စု(ဂ)မှ ဒိန်းမတ်နှင့် အီတလီ ဂိုးမရှိ သရေကျသောပွဲစဉ်တွင် ဒိန်းမတ်မှ တိုမာဆင်(ဝဲ)နှင့် အီတလီမှကန်နာဗာရို(ယာ)တို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ (ဓာတ်ပုံ–အင်တာနက်)

ကစားဟန်မတူသော အီတလီနှင့် ဒိန်းမတ်တို့၏ပွဲမှာ ပရိသတ်ထင်ထားသလောက် ဘောလုံးရသမပေးနိုင်ခဲ့ပေ။ အီတလီတိုက်စစ်မှူးများ ဂိုးသွင်းခွင့်ရသော်လည်း ဂိုးသွင်းစွမ်းရည်ပျောက်နေခဲ့သည်။

ဆွီဒင်နှင့် ဘူဂေးရီးယား

ဆွီဒင်နှင့် ဘူဂေရီးယားပွဲစဉ်ကို လစ္စဘွန်းမြို့ရှိ စပို့တင်းကလပ်ပိုင် Estadio Jose Alvalde ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဆွီဒင်အသင်းနှင့် ဘူဂေးရီးယားတို့ ခြေစွမ်းအားဖြင့် မတိမ်းမယိမ်းသာဖြစ်၍ အနိုင်အရှုံးအဖြေတွက်လျှင်ပင် ဂိုးပြတ်မည်ဟု မထင်ခဲ့ကြသော်လည်း ဆွီဒင်က ငါးဂိုးပြတ်အနိုင်ရရှိသွား၍ ဘောလုံးဝါသနာရှင်များအံ့အား သင့်ခဲ့ကြရသည်။

ဆွီဒင်ခြေစွမ်းပြ

ဆွီဒင်အသင်းအတွက် ပထမဂိုးကို ပွဲချိန်မိနစ် ၃၀တွင် ကွင်းလယ်မှ ကန်တင်ပေးလိုက်သော ဘောလုံးကို ဆွီဒင်အသင်းညာအစွန်မှ အီဘရာဟီမိုဗစ်က ဘူဂေးရီးယားနောက်တန်းလူများ လူကွက်ဖမ်းထားသည့်ကြားမှ ဖောက်ထွက် ဆွဲယူသွားပြီး ဂိုးရှေ့သို့ အနေတော်ဖြတ်ထိုးပေးရာ အလိုက်သင့် ပါလာသော ဖရက်ဒရစ်ယွန်းဘတ် (အာဆင်နယ်)က ပိုင်ပိုင်နိုင်နိုင် ပိတ်သွင်းယူခြင်းဖြစ်သည်။ ဆွီဒင်အသင်းသည် အဖွင့်ဂိုး ရရှိပြီးနောက် ပို၍ အချိတ်အဆက်မိလာခဲ့ပြီး ဘူဂေးရီးယားအသင်း ကွင်းတစ်ဝက်ကို ဖိကစားထားနိုင်သည်။

ဂိုးဆက်တိုက်သွင်း

ဆွီဒင်အသင်းက ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့ရာ ပွဲချိန် ၅၇ မိနစ်တွင် ဘူဂေးရီးယား ဂိုးရှေ့သို့ ကန့်လန့်ဖြတ်ချိုးပေးသည့် ဘောလုံးကို တိုက်စစ်မှူး ဟင်းနရစ်လာဆင် (ဆဲလ်တစ်)က ခေါင်းတိုက်သွင်းယူပေးသည်။ ဒုတိယဂိုး ရပြီး တစ်မိနစ်အကြာ ၅၈ မိနစ်၌ ဘူဂေးရီးယား ဂိုးရှေ့သို့ ခါးဖြတ်ဘော ထိုးပေးသည့် ဘောလုံးကို ဟင်းနရစ်လာဆင်ကပင် မြေမကျ ဘယ်ခြေဖြင့် ပိတ်သွင်းယူ၍ တတိယဂိုး ရရှိသွားသည်။ ဟင်းနရစ်လာဆင်သည် ယူရို ၂၀၀၄ ပြိုင်ပွဲ၌ ပထမဆုံး တစ်ပွဲတည်း နှစ်ဂိုးသွင်းယူနိုင်သော ဘောလုံးသမားဖြစ်သွားသည်။

ဆွီဒင်အသင်း ခြေစွမ်းပြကစားပြီး အဆက်မပြတ် ထိုးဖောက်လာရင်း ပွဲချိန် ၇၆ မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘော ရရှိသွားသည်။ အဆိုပါ ပယ်နယ်တီ ပြစ်ဒဏ်ဘောကို အီဗရာဟီမိုဗစ်က သွင်းယူသဖြင့် စတုတ္ထဂိုး ရရှိသွားပြန်သည်။ ဆွီဒင်အသင်းအတွက် ပဥ္စမဂိုးနှင့် ပွဲသိမ်းဂိုးကို အီဗရာဟီမိုဗစ်အစား လူစားဝင်လာသည့် အောလ်ဘတ်က ပွဲချိန် မိနစ် ၉၀တွင် သွင်းယူပေးသည်။

(မြန်မာ့အလင်း)

နိုင်ငံတကာပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်မည့်အားကစားသမားများအား ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် အားပေးစကားပြောကြား

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်းရှိ အစည်းအဝေးခန်းမတွင် နိုင်ငံတကာပြိုင်ပွဲများ သွားရောက်ယှဉ်ပြိုင်မည့် ကာယဗလအားကစားအဖွဲ့၊ မြားပစ်အားကစားမောင်မယ်များနှင့် အမျိုးသမီး လူငယ် ဘော်လီဘောအသင်းနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် မြန်မာနိုင်ငံ ကာယဗလနှင့်ကာယအလှ၊ အလေးမ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်အောင်(အတွင်းရေးမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၊ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း၊ အတွင်းရေးမှူး ဦးကျော်ဦး၊ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်နှင့် အား/ကာသိပ္ပံကျောင်းအုပ်ကြီး ဦးမောင်ဝင်းတို့က ပြိုင်ပွဲအတွက် ပြင်ဆင်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ **(မြန်မာ့အလင်း)**

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊အမှတ်(၇)ထုတ်ဝေ

ရန်ကုန် ဇွန် ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာန မှထုတ်ဝေသည့် စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊ အမှတ်(၇)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါ ဂျာနယ်တွင် အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၏ ဇီဝဓာတ်ငွေ့နှင့် လျှပ်စစ်မီး လင်းမယ်ဆိုရင်၊ သျှင်ပညာဇောတ၏ ကံသံသရာ၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၏ ဥပဒေလိုက်နာ ဘေးကင်းကွာ၊ ရည်မွန်အောင်(ပြည်တက္ကသိုလ်)၏ တိရစ္ဆာန်ဆေးကုပညာ၊ အောင်ကျော်ဖြိုး၏ စိုက်ပျိုးမွေးမြူရေးမှာ မြေကြီးက အဓိက၊ မောင်မောင်မြင့်ဦး(တိုင်းရင်းဆေး)၏ မြင်းခွာတစ်ပင်လုံး ဆေးဖက်ဝင်သုံး၊ မောင်မောင်သိန်း(ဇီးကုန်း)၏ မှိုအကြောင်းသိကောင်းစရာ၊ မြတ်ရည်မွန်၏ မြိတ်ကတ်ကျေးကိုက်၊ H.K၏ အင်္ဂလိပ်စကားပြောကြရအောင်၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ ညွန့်ဟံ(ကြူတော)၊ ရွှေချည်ထိုး စိန်မြင့်၊ဦးနန်းဦး(မိုးညို)၊လေးဝတီကျော်တို့၏ သုတရသ ဆောင်းပါးများ၊ ဓာနည်၊ ကို(တက္ကသိုလ်)၊ နန္ဒာမိုးကြယ်တို့၏ ကဗျာများ၊ မိုးလေဝသ သတင်းများ၊ ဗေဒင်၊ ဆေးဖက်ဝင်အပင်များ၊ ရိုးရာအားကစား စသည့် ကဏ္ဍများစုံလင်စွာ ဖော်ပြပါရှိသည်။ စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို တင်စိုးစာပေ၊ ဆင်တောင်ကြီးစာပေ၊ သတင်းနှင့်စာနယ်ဇင်း အရောင်းဆိုင်၊ စာပေဗိမာန် အရောင်းဆိုင်တို့တွင် ဝယ်ယူနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဒုရဲအုပ်လောင်းအမှတ်စဉ်(၄၈/ ၂၀၀၃)သင်တန်းဆင်းပွဲကျင်းပ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၄၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေး ဌာနစစ်ရေးပြကွင်း၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ရဲချုပ်က ဒုတိယရဲအုပ်လောင်း တပ်ခွဲများ၏အလေးပြုခြင်းကိုခံယူ၍ တပ်ခွဲများကိုစစ်ဆေးပြီး ဒုတိယရဲအုပ်လောင်း တပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။ ထို့နောက် ရဲချုပ်က အကောင်းဆုံး ကျောင်းသားဆုရ ကျောင်းသားအမှတ်(၁၆၉) ဒုတိယရဲအုပ်လောင်း စောစံမြင့်၊ ဥပဒေထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၂၉) ဒုတိယ ရဲအုပ်လောင်း လှိုင်မျိုးကျော်၊ စစ်ပညာထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၉၃) ဒုတိယရဲအုပ်လောင်း ကျော်ကျော်၊ သေနတ်ပစ်ထူးချွန်ဆုရ ကျောင်းသားအမှတ်(၈၉) ဒုတိယရဲအုပ်လောင်း တင်နော်ထွေးတို့အား ဆုများချီးမြှင့်သည်။

(သတင်းစဉ်)

အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၅

ဒဂုံမြို့သစ်တောင်ပိုင်း (၅၇) ရပ်ကွက် ဓမ္မယောသက ဓမ္မာရုံကြီးတွင် ဒုတိယအကြိမ်မြောက် အဘိဓမ္မာ ပထမအဆင့်နှင့် ဒုတိယအဆင့် သင်တန်းများကို ဆုထူးပန်ဆရာများ ဦးစီးပြီး သင်ကြားပို့ချမည်ဖြစ်သည်။ ဇွန် ၁၈ရက် ညနေ ၄ နာရီတွင် ဆုထူးပန်ဆရာဟန်ကိုယ်တိုင် သင်တန်းဖွင့်လှစ်ပေးမည်ဖြစ်သည်။

ဇွန် ၁၉ရက်မှစတင်၍ ညနေ ၄ နာရီမှ ၆နာရီအထိ ပထမအဆင့် နှင့် ဒုတိယအဆင့်များကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နိဝင်ဘာ နောက်ဆုံးပတ်အထိ အခမဲ့ ဓမ္မဒါန သင်ကြားပို့ချသွားမည်ဖြစ်ရာ ဦးတင်ဆွေ အမှတ် ၁၁၇၄ နောင်ရိုးလမ်း (၅၇)ရပ်ကွက်တွင် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး ကျိုက္ကဆံစာဖတ်ခန်းနှင့်စာကြည့်တိုက် ဖွင့်ပွဲကို ဇွန် ၈ရက်က ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးလှရှိန်နှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ဇွန် ၁၅ရက်က သာကေတမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ၂၀၀၄-၂၀၀၅ခုနှစ် မြို့နယ် စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ကိုယ်စား အတွင်းရေးမှူး ဦးသိန်းက ဌာနဆိုင်ရာအလိုက် တာဝန်များပေးအပ်စဉ်။ (၃၀၂)

ရက် ၁၀၀ ပြည့်မွေးနေ့ဆုတောင်း

၁၃-၆-၂၀၀၄ရက်တွင်ကျရောက်သည့် သမီးရတနာလေး ရှင်းသန့်ဖြူ၏ ရက် ၁၀၀ ပြည့် မွေးနေ့မင်္ဂလာမှသည် နှောင်နှစ်ပေါင်း များစွာတိုင် မိသားစုနဲ့အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ဘိုးဘိုး-ဦးချို-ဘွားဘွား-ဒေါ်ကြည်၊ ဘိုးဘိုး-ဦးကျော်အေး-ဘွားဘွား-ဒေါ်အောင်
ဖေဖေ-ဦးထိန်ဝင်း(ပန်းသီ CHO) - မေမေ-ဒေါ်ကြည်ကြည်သန်း
ဒယ်ဒီ-ဦးထွန်းမြင့် မာမီ-ဒေါ်ဝေဇင်အောင် (ဝိုင်းဝိုင်း)



ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၅

မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ ပိဋကတစ်ပုံဆောင် ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အရှင်သောဘဏ (ဒီဃနိကာယကောဝိဒ သာသနဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇွန် ၁၈ရက်မှ ၂၇ရက်ထိ မိုးကုတ် ဆရာတော်ကြီး၏ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈သို့ဖြစ်စေ ဇွန် ၁၇ ရက်အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမြန်ပြန်လာပါ

သား အောင်အောင်

မေမေ စိတ်ပူနေတယ်။ အမြန်ပြန်လာပါ။

မေမေ။

ခင်ပွန်းအဖြစ်မှစွန့်လွှတ်ခြင်း

ယုဇနဥယျာဉ်မြို့နေ ဦးအောင်ဌေး ၁၂/မဂတ(နိုင်)၀၅၂၀၂၇သည် ကျွန်မ ဒေါ်မိုးမိုးလွင် မိသားစုအား စိတ်ဆင်းရဲအောင်ပြုလုပ်သွားသဖြင့် မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပြီး ၄-၆-၀၄ရက်မှစ၍ ခင်ပွန်းအဖြစ်မှစွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါကြောင်းကြေညာအပ်ပါသည်။

ဒေါ်မိုးမိုးလွင်
၁၂/မဂတ(နိုင်)၀၆၂၃၆၂။

မြန်မာနိုင်ငံအနှံ့အပြားနေရာကွက်၍မိုးကြီးနိုင်

ရန်ကုန် ဇွန် ၁၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် တိမ်ထူထပ်ခဲ့ပြီး ကချင်ပြည်နယ်၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ တနင်္သာရီတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့ ၅ဒသမ၂၀ လက်မ၊ ဘားအံမြို့ ၂ဒသမ၆၄ လက်မနှင့်မောင်တောမြို့ ၁ ဒသမ ၆၁လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အများအားဖြင့် အားကောင်းနေကြောင်းသိရသည်။

ဇွန် ၁၆ရက်ညနေထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲနှင့်ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို စပါးတိုက်ရိုက်အစေ့ချစိုက်ပျိုးနည်းသရုပ်ပြပွဲတက်ရောက် မြိတ်တက္ကသိုလ်နှင့် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၅

တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်း၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇွန် ၈ ရက် နံနက်ပိုင်းက မြိတ်မြို့နယ် ပသောင်းကျေးရွာအုပ်စု တောင်ပုလဲကျေးရွာ လယ်သမားကြီးဦးအောင်ကိုး၏ လယ်မြေ ငါးဧက၌ ကျင်းပသည့် တနင်္သာရီတိုင်း၌ စပါးတိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းစနစ်သရုပ်ပြပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးသန်းနိုင်က သရုပ်ပြပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမြသွင်က စပါးအထွက်တိုးရေးအတွက် တိုက်ရိုက် အစေ့ချစိုက်ပျိုးခြင်း၏အကျိုးကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ဒေသခံပြည်သူများအား စိုက်ပျိုးနည်းစနစ်များကို လက်တွေ့သရုပ်ပြသခြင်းမှာ ဒေသခံပြည်သူများအား စိုက်ပျိုးရေးဖြင့် အကျိုးစီးပွားဖြစ်ထွန်းစေလို၍ ဖြစ်ကြောင်း။

ဒေသအတွင်း ကိုယ့်အားကိုယ်ကိုးပြီး ဒေသဝမ်းစာ ဖူလုံစေရန်အတွက် လက်ရှိကျင့်သုံးနေသည့် နည်းစနစ်ကိုပြောင်းလဲကျင့်သုံးရန်လိုကြောင်း၊ လက်ရှိနည်းစနစ်မှာ လူအင်အားအသုံးပြုမှု များပြားခြင်းကြောင့် ထုတ်လုပ်မှုစရိတ်များကြီးမြင့်ပြီး ဒေသခံတောင်သူများအတွက် အကျိုးအမြတ် ရရှိသင့်သလောက် မရကြောင်း၊ ယခု စပါးတိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းစနစ်သည် ကုန်ကျစရိတ်များစွာသက်သာပြီး ဒေသခံတောင်သူများအား များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ဤဒေသသည် လယ်ယာစိုက်ပျိုးရန်အတွက် ရေ၊ မြေ၊ ရာသီဥတုအခြေအနေကောင်းများရှိနေကြောင်း၊ တနင်္သာရီတိုင်းအတွင်းရှိ တောင်သူများသည် စပါး တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းစနစ်ကို အသုံးပြုရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ဤတိုက်ရိုက်အစေ့ချစိုက်ပျိုးသည့် နည်းစနစ်ကို မလွဲမသွေကျင့်သုံးသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ပြိုင်ပွဲကျင်းပ

ထို့နောက် ကြဲပက်စိုက်ပျိုးခြင်းနည်းစနစ်နှင့် ဒေသခံပြည်သူများ ကြိုက်နှစ်သက်သည့် ဒေသဖြစ် ဘီးတစ်ဘီးတည်းပါရှိသော လက်တွန်းထွန်စက်ဖြင့် စက်တုံးလိုက်ခြင်း၊ ထယ်ထိုးခြင်းကို သရုပ်ပြသကြပြီး တစ်ချိန်တည်းမှာပင် ကြိုးတန်းဆွဲ တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းစနစ်ပြိုင်ပွဲကို ကျင်းပသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပါဝင်ယှဉ်ပြိုင် သရုပ်ပြသကြသူများအား လိုက်လံကြည့်ရှု အားပေးသည်။

ဆုချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပြိုင်ပွဲတွင် ပထမဆုရ အဖွဲ့(၃)အားလည်းကောင်း၊ တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်က ဒုတိယဆုရ အဖွဲ့(၁) အဖွဲ့ခေါင်းဆောင်အား လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမြသွင်နှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အထွေထွေမန်နေဂျာဦးတင်ဆောင်တို့က အထူးဆုရရှိသည့် အဖွဲ့များအားလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တနင်္သာရီတိုင်း မန်နေဂျာ ဦးသန်းနိုင်က သရုပ်ပြစိုက်ပျိုးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်အားလည်းကောင်း ဆုများ အသီးသီး ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် မြိတ်တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းခွင်ရုံး ဘုရင့်နောင်ခန်းမသို့ ရောက်ရှိရာ မြိတ်တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ဒုတိယပါမောက္ခချုပ်ဦးခင်မောင်ချိုကလည်းကောင်း၊ မြိတ်တက္ကသိုလ်ပင်မဆောင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ယုဇနဆောက်လုပ်ရေးအဖွဲ့မှ အင်ဂျင်နီယာ ဦးခင်ဦးကလည်းကောင်း၊ မြိတ်တက္ကသိုလ်စာသင်ဆောင်များနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)မှ လက်ထောက်အင်ဂျင်နီယာ ဦးမြင့်အောင်က လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်မြို့နယ် ပသောင်းကျေးရွာအုပ်စု တနင်္သာရီတိုင်း စပါးတိုက်ရိုက်အစေ့ချ သရုပ်ပြစိုက်ပျိုးပွဲတွင် ပထမဆုရ အဖွဲ့(၃)ကို ဆုဖလားနှင့် ဆုငွေချီးမြှင့်စဉ်။ (သတင်းစဉ်)

အထွေထွေရောဂါကုဆေးရုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံသို့ ရောက်ရှိလာကြရာ ဆေးရုံအုပ်ကြီး ဦးထွန်းလွင်၊ အထူးကုသမားတော်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခွဲစိတ်လူနာဆောင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား ကြည့်ရှုအားပေးသည်။ ဆက်လက်၍ မြိတ် ဘိုးဘွားရိပ်သာမှ ဆေးကုသမှုခံယူလျက်ရှိသည့် အဘွားတစ်ဦးအား ဆေးကုသစရိတ် ငွေကျပ်တစ်သောင်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဆေးရုံကြီးကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးသိပ္ပံပညာဦးစီးဌာန မြိတ်မြို့ သားဖွားသင်တန်းကျောင်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ သင်တန်းကျောင်းတာဝန်ခံ ဒေါ်စန်းစန်းစိမ့်က သင်တန်းကျောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သင်တန်းသူများ စားရိပ်သာ ပဒေသာပင်အတွက် အလှူငွေကျပ် လေးသိန်းကို သင်တန်းကျောင်းတာဝန်ခံ ဒေါ်စန်းစန်းစိမ့်အား လည်းကောင်း၊ လျှပ်စစ်မီးအားမြှင့်စက်ဝယ်ယူရန် အလှူငွေကျပ်တစ်သိန်းကို တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဆွေဝင်းအား လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး သင်ကြားသင်ယူမှုအထောက်အကူပြုခန်း၊ ကွန်ပျူတာခန်း၊ Language Lab တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မြိတ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိလာပြီး Computer Application & e-Mail စာသင်ခန်း၊ Language Lab စာသင်ခန်းနှင့် ခေတ်မီအသွင်ပြောင်း စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီတွင် မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး စနစ်သစ် သင်ထောက်ကူစာသင်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ဆက်လက်၍ အဆိုပါကျောင်း ပညာဗိမာန်ခန်းမ၌ မြိတ်မြို့ပေါ်ရှိ ကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ဆရာ ဆရာမများအား တွေ့ဆုံရာ မြိတ်ခရိုင် ပညာရေးမှူး ဦးစန်းလွင်က မြိတ်မြို့နယ်ဆိုင်ရာ ပညာရေးဆောင်ရွက်မှုအခြေအနေများကို တင်ပြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားကာ တက်ရောက်လာကြသော ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဝတ်စုံပေးအပ်ပွဲအခမ်းအနားကို မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဇွန် ၇ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး၏ ဇနီး ဒေါ်စန်းစန်းဌေးက ဝန်ထမ်းများကိုယ်စား ဦးစီးအရာရှိ ဒေါ်ကေသွယ်စိုးသို့ ဝတ်စုံများပေးအပ်စဉ်။ (က-ပ)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အလုံမြို့နယ် ဌာနာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် မေ ၂၆ ရက်က ရွှေဌာနာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်မမတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဆီအုန်းစိုက်ပျိုးခြင်းဖြင့် စားသုံးဆီဖူလုံရေး ကြိုးပမ်းကြပါစို့

၁။ ဆီအုန်းစိုက်ပျိုးခြင်းဖြင့် တစ်ဧကလျှင် စားသုံးဆီပိဿာ(၃၀၀ မှ ၆၀၀) အထိ နှစ်စဉ် ရရှိနိုင်ပါသည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နှစ်စဉ်မိုးရေချိန်လက်မ ၈၀ နှင့်အထက် ရွာသွန်းပြီး မိုးရွာသွန်းသောကာလ (၆)လခန့်ရှိသော ဒေသများတွင်လည်းကောင်း အစိုဓာတ်မပြတ် ရရှိနိုင်သော ရေသွင်းမြောင်း၊ ရေထုတ်မြောင်း၊ မြစ်၊ ချောင်း၊ ကန်ဘောင်စသည့် နေရာများတွင် လည်းကောင်း စီးပွားဖြစ် စိုက်နိုင်ပါသည်။

၃။ လမ်းဘေးဝဲယာအလှပင်အဖြစ် စိုက်ပျိုးထားပြီး နောင်အခါ စီးပွားရေး တွက်ခြေကိုက် အပင်အဖြစ် အသုံးပြုနိုင်ပါသည်။

၄။ ဆီထွက်နှုန်းကောင်းသော တင်နရာစပ်မျိုးများကို ရှေးယခင်က ပြည်ပမှ တန်ဖိုးကြီးပေး၍ မှာယူတင်သွင်းခဲ့ရသော်လည်း ယခုအခါ ပြည်တွင်း၌ မျိုးစပ်ထုတ်လုပ်နိုင်ပြီဖြစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရရှိနိုင်ပါသည်။

၅။ ခြံငယ်ပိုင်ရှင်များအတွက် တစ်ပိုင်တစ်နိုင် ဆီညှစ်စက်ငယ်ကလေးများကို ပြည်တွင်းစက်မှုပညာရှင်များက ထုတ်လုပ်ပေးနေပြီဖြစ်၍ ၅ ဧက မှ ၁၀ ဧကအရွယ် ခြံငယ်ကလေးများကိုပင် စိုက်ပျိုး၍ ဆီထုတ်လုပ်စားသုံးနိုင်ပါသည်။

၆။ ဆီအုန်းစိုက်ပျိုးထုတ်လုပ်ရာ၌ ရရှိသော ဘေးထွက်ပစ္စည်းများမှာလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူသုံးကုန်ပစ္စည်းများတွင် များစွာအသုံးဝင်ပါသည်။

၇။ ဤအခွင့်အရေးကောင်းကို လက်လွှတ်မခံသင့်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ယခုအပတ် ဒွေး၊ကျော်ရဲအောင်၊လူမင်းတို့ပါဝင်သည့် ဗီဒီယိုကားများဖြန့်ချိ

မောင်ဆွေထွန်း

ရန်ကုန် ဇွန် ၁၅

ယခုအပတ် ဇွန် ၁၄ရက်မှစ၍ ဖြန့်ချိပြသခွင့် ရရှိသည့် မြန်မာ ဗီဒီယို ဇာတ်ကားများမှာ အောက်ပါ အတိုင်း ဖြစ်သည်။ ဒါရိုက်တာ ညီညီ ထွန်းလွင်၊ နေမျိုးအောင်၊ ကြည်လဲ့လဲ့ဦးတို့ ပါဝင်သော **'ကျွန်တော့်နာမည် သုည'**။ ဒါရိုက်တာ မောင်သက်ခိုင်၊ ငြိမ်းချမ်း၊ ရဲဒိုး၊ဝိုင်းချစ်တို့ ပါဝင်သော **'အချစ်ဆုံးယောက်ဖများ'**။ ဒါရိုက်တာ မောင်မျိုးမင်း ရိုက်ကူး၍ ဒွေး၊ ကျော်ရဲအောင်၊ ခိုင်သင်းကြည်နှင့် ဆုပန်ထွာတို့ ပါဝင်သော **'ဒူးနေရာဒူး တော်နေရာတော်'**။ ဒါရိုက်တာ မောင်မောင်ဦး(စန္ဒီးပိုက်)ရိုက်ကူး၍ နိုင်းနိုင်း၊ စိုးမြတ်နန္ဒာတို့ ပါဝင်သော **'တစ်ကျော့ပြန်လူမိုက်'**။

လပ်ကီးဆဲဗင်း ဗီဒီယိုမှ ဒါရိုက်တာ အာယုရိုက်ကူး၍ လူမင်း၊ ဆုပန်ထွာ၊ သုမောင်၊ လှမျိုးသဥ္ဇာနွယ်တို့ ပါဝင်သော **'ကျေးဇူးကြီး'**။ ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)ရိုက်ကူး၍ ဖြိုးငွေစိုး၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သော **'တိမ်တစ်စနှင့် နွယ်တစ်မျှင်'**။ စိန်ပန်းမင်း ဗီဒီယိုမှဒါရိုက်တာ မြိုင်စစ်သူရိုက်ကူး၍ ကုသိုလ်၊ ကင်းကောင်၊ ဇော်၊ ချစ်စရာ တို့ပါဝင်သော**'အချစ်ငတ်တဲ့ဒါရိုက်တာ'**။ ဒါရိုက်တာ မိုးမြင့်ကျော် ရိုက်ကူး၍ ရန်ကျော်၊နံ့သာမိုး၊ ချစ်မိုး တို့ ပါဝင်သော **'ဝေသာလီက မြင်းဖြူရှင်'**။

မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ မောင်နန္ဒရိုက်ကူး၍ ခန့်စည်သူ၊ ကြည်လဲ့လဲ့ဦး၊ ချိုပြုံး၊ မင်းသူတို့ပါဝင်သော **'အဖအရာ'**။ စိန်လင်းရိုက်ကူး၍ စိုးနန္ဒာဝင်း၊ခင်လှိုင်၊ကျော်ထူး တို့ပါဝင်သော **'ငွေလဝန်းအငြိမ့်'**။ ဒါရိုက်တာ ညီညီ ထွန်းလွင် ရိုက်ကူး၍ နေထက်လင်း၊ မျိုးစန္ဒီကျော်၊ဝိုင်းတို့ပါဝင်သော **'အချိုကြိုက်ရောဂါ'**။စိန်ငွေး ဗီဒီယိုမှ ဒါရိုက်တာ မောင်နီလွင် ရိုက်ကူး၍ တြိုကို၊ မျိုးစန္ဒီကျော်၊ ကုသိုလ်၊ အေးဝတ်ရည်သောင်းတို့ ပါဝင်သော **'လနတ်သမီးရေးတဲ့ဖူးစာ'**။ ဒါရိုက်တာ စန္ဒာအောင်သိန်းရိုက်ကူး၍ ဝင်းမိုးကျော်၊ မေသဥ္ဇာဦး ပါဝင်သော **'ပုသိမ်သူရဲ့ ပုသိမ်သူ'** ဇာတ်ကားများ ဖြစ်ကြသည်။ ။

(မြန်မာ့အလင်း)

ကျေးဇူးကြီး

ဒါရိုက်တာ အာယု၏'ကျေးဇူးကြီး'ဇာတ်ကားမှ ဆုပန်ထွာ၏ သရုပ်ဆောင်ဟန်။

ဒါရိုက်တာ မြိုင်စစ်သူ၏ 'အချစ်ငတ်တဲ့ ဒါရိုက်တာ'မှ ဟာသ သရုပ်ဆောင်များ။

ဒါရိုက်တာ မောင်မောင်ဦး (စန္ဒီးပိုက်)၏'တစ်ကျော့ပြန်လူမိုက်' ဇာတ်ကားမှ နိုင်းနိုင်း၊ စိုးမြတ်နန္ဒာ။

ဒါရိုက်တာ မောင်နန္ဒ၏ အဖအရာ ဇာတ်ကားမှ ကြည်လဲ့လဲ့ဦး၏ သရုပ်ဆောင်ဟန်။

'ငယ်ငယ်တုန်းကချစ်လူမိုက်' အထူးနှုန်းဖြင့်တိုက်ရိုက်ဖြန့်ချိ

ရုပ်ရှင်အစည်းအရုံး၊ ဗီဒီယိုအခြေခံအဖွဲ့၏အစီအစဉ်ဖြင့် ဗီဒီယို အခြေခံအဖွဲ့မှ ထုတ်ပေးသည့် လိုင်စင်စာအုပ်ရှိသူများသည် ရတနာမြိုင် ဗီဒီယိုထုတ်လုပ်ရေးမှ ဇွန် ၁၅ ရက်တွင် စတင်ဖြန့်ချိမည့် 'ငယ်ငယ်တုန်းကထက်ပိုချစ်တဲ့ ချစ်လူမိုက်' ဗီစီဒီကာရာအိုကေ နှစ်ချပ်တွဲ စီးရီးကို ဝယ်ယူနိုင်ကြသည်။ အထူးနှုန်းဖြင့် တိုက်ရိုက်ဖြန့်ချိ ရောင်းချပေးရန် စီစဉ်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဓမ္မဗိမာန်စာပေဆုပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန်ဖိတ်ခေါ်

ရန်ကုန် ဇွန် ၁၅

ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကား ပြန့်ပွားစေရန် ရည်ရွယ်၍ ဆရာတော် ဦးသာသန (ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ) တည်ထောင်သော "ဓမ္မဗိမာန် စာပေဆု"များကို စိတ်ပါဝင်စားသူရဟန်းရှင်လူများ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားသည်။

အမျိုးအစားခုနစ်မျိုးရွေးချယ်မည်

ဓမ္မဗိမာန် စာပေဆုပြိုင်ပွဲတွင် သာသနာ့သမိုင်းစာပေဆု (ပ–ဒု–တ)၊ ပိဋကတ်ကျမ်းစာ သုတေသနစာပေဆု (ပထမဆု)၊ အထွေထွေ ဓမ္မစာပေဆု (ပ–ဒု–တ)၊ ဗုဒ္ဓတရားတော် အင်္ဂလိပ်ဘာသာ စာပေဆု(ပ–ဒု–တ)၊ ဓမ္မယဉ်ကျေးမှု စာပေဆု (ပ–ဒု–တ)၊ ဓမ္မာစရိယနှင့် ပါဠိပထမပြန် ပထမဆုရှစ်ဆု၊ ပုံနှိပ်ပြီး ဓမ္မစာပေဆု ပထမဆု အမျိုးအစား ခုနစ်မျိုးတို့ကို ဆုရွေးချယ်မည် ဖြစ်သည်။

လာရောက်ထုတ်ယူနိုင်

ဓမ္မာစရိယနှင့် ပါဠိပထမပြန်ပထမဆုများကို၂၀၀၄ခုနှစ် စာမေးပွဲမှ အထူးအောင်ရဟန်း သာမဏေ၊ သီလရှင် ပထမဆု ရသူများကို ချီးမြှင့်ပါမည်။ ပုံနှိပ်ပြီး ဓမ္မစာပေဆုကို ၂၀၀၄ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေသည့် ဓမ္မစာပေစာအုပ်များထဲမှ ရွေးချယ်ပါမည်။ ယှဉ်ပြိုင်လိုသူတို့သည် ဓမ္မဗိမာန်သို့ လိပ်မူ၍ စာအုပ် နှစ်အုပ် ပို့ပေးရပါမည်။ ပြိုင်ပွဲဝင်စာမူများကို ၃၀–၉–၂၀၀၄နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံများကို ဓမ္မဗိမာန်အမှတ် ၆၀၆၊ ဒုတိယထပ်၊ ၅ လမ်းနှင့် ၆လမ်းကြား၊ ကမ်းနားလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း– ၂၁၁၃၅၉၊ ၂၂၅၉၀၇၊ ၃၈၃၇၅၂၊ ၃၈၀၅၃၈သို့ အခမဲ့ လာရောက်ထုတ်ယူနိုင်ပါသည်။

ဓမ္မဗိမာန် စာပေဆုရသူများအား စာရေးဆရာ ဦးဆန်းလွင်မိသားစုက ဆန်းလွင် စာပေဆုကိုလည်း ပူးတွဲချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အော်တိုတယ်လီဖုန်းကြိုးများ ကောလင်းတွင် တပ်ဆင်ပြီးစီး

ရန်ကုန် ဇွန် ၁၅

ဆယ်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အော်တိုတယ်လီဖုန်းတပ်ဆင်ရေး ကော်မတီတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်ရုံးချုပ်မှ အင်ဂျင်နီယာ ဦးတင်စိုးလွင်နှင့်အဖွဲ့က ကောလင်းမြို့တွင် အော်တိုတယ်လီဖုန်းတပ်ဆင်ရေး လုပ်ငန်းများကို မတ်လမှစတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ အော်တိုတယ်လီဖုန်းတပ်ဆင်ရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည်။

အဆိုပါအဖွဲ့သည် မြေအောက် ကေဘယ်ကြိုးများ မြှုပ်နှံခြင်း၊ ကောင်းကင်ကေဘယ်ကြိုးများ တပ်ဆင်ခြင်း၊ ကွန်ကရစ်တိုင် စိုက်ထူခြင်း၊ စက်ကိရိယာများ တပ်ဆင်ခြင်း ကေဘယ်ဂျိုင်းခြင်း၊ ဒီပီတပ်ဆင်ခြင်း (DP)နှင့် အထွေထွေ ဝန်ဆောင်မှုများကို ဆောင်ရွက်ပြီးဖြစ်ရာ ရုံးချုပ်၏ လမ်းညွှန်ချက်ဖြင့် မကြာမီ အော်တိုတယ်လီဖုန်းများ တပ်ဆင်မည် ဖြစ်ကြောင်း သိရသည်။ **(၀၂၆)**

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ သားငါးတန်းများ ဆေးဖျန်းခြင်းနှင့် ဈေးကြီးအတွင်း အပြင် အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းတို့ကို ဇွန် ၂ ရက်က ဈေးတာဝန်ခံ ဦးဆန်းကျော်ဦးနှင့် အဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်များနှင့် ဈေးသူဈေးသားများ၊ လူမှုရေး အသင်းအဖွဲ့များက စုပေါင်းဆောင်ရွက်ကြရာ သနပ်ပင်မြို့နယ် စည်ပင် သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဝေနှင့် တာဝန်ရှိသူများ လိုအပ်သည်များ ဆောင်ရွက်ပေးကြစဉ်။

(၃၄၇)

ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှူး၏ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်များ စိုက်ပျိုးပွဲကို ဇွန် ၅ရက်က ကျောက်ဖြူမြို့နယ် ကျောက်ဖြူ–ရမ်းဗြဲမော်တော်ကားလမ်း စေတီယျ ကျေးရွာပိုင်းတွင် ကျင်းပရာ ခရိုင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမျိုးတင့် နှင့်တာဝန်ရှိသူများ သစ်ပင်စိုက်ပျိုးပေးစဉ်။ (ခရိုင် ပြန်/ဆက်)

စီမံကိန်းသီးနှံများ တာဝန်ပေးအပ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ စည်းဝေး

ရန်ကုန် ဇွန် ၁၅

၂၀၀၄–၂၀၀၅ ခုနှစ် မိုင်းဖြတ်ခရိုင် စီမံကိန်းသီးနှံများ တာဝန်ပေးအပ်ပွဲနှင့် စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၁ ရက်က မိုင်းဖြတ်မြို့နယ် ခန်းမတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွှန့်တက်ရောက် အမှာစကားပြောကြားပြီး ၂၀၀၄–၂၀၀၅ ခုနှစ် စီမံကိန်းသီးနှံများကို မြို့နယ်များသို့ တာဝန်ပေးအပ်သည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများဖြစ်ကြသောဦးနိုင်ဝင်းဇော်၊ ဦးကျော်ဇင်နှင့်ဦးငွေဒိုးတို့က လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍လည်းကောင်း၊ ခရိုင် မြေစာရင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးအောင်က ငါးနှစ်စီမံကိန်းအရ ခရိုင်အတွင်း မိုးစပါး တိုးချဲ့စိုက်ပျိုးမည့်အစီအစဉ်များကိုလည်းကောင်း၊ ခရိုင်စိုက်ပျိုးရေး လုပ်ငန်းမှ ခရိုင်မန်နေဂျာ ဦးအောင်မြင့်က လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။ အခမ်းအနားသို့ မိုင်းဖြတ်မြို့၊ မိုင်းယောင်းမြို့၊ မိုင်းယုမြို့တို့မှ စိုက်ပျိုးရေး ကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

C B BANK

CO-OPERATIVE BANK LTD. သမဝါယမဘဏ်လီမိတက်

CONGRATULATION

သမဝါယမဘဏ်လီမိတက် C B BANK အား
အခြေခံဘဏ်အဖြစ်ထားရှိလျက်
သမဝါယမမြှင့်တင်ရေးဘဏ်လီမိတက် နှင့်
တောင်သူလယ်သမားများ သမဝါယမဘဏ်လီမိတက်တို့က
လာရောက် ပူးပေါင်းပြီး
ပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှု အပြည့်အဝပေးနိုင်မည့်
သမဝါယမဘဏ်လီမိတက် C B BANK
(အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)အဖြစ်
(၁၅-၆-၂၀၀၄) နေ့တွင် ပေါက်ဖွားရှင်သန်လာခြင်းအတွက်
လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုအပ်ပါကြောင်း။

ဒေါက်တာစိန်မောင်
ဥက္ကဋ္ဌ
ပထမပုဂ္ဂလိကဘဏ်လီမိတက်

ဦးသိန်းထွန်း
ဥက္ကဋ္ဌ
ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်

ဦးအောင်ကိုဝင်း
ဥက္ကဋ္ဌ
ကမ္ဘောဇဘဏ်လီမိတက်

ဦးဝင်းမြင့်
Managing Director
မြန်မာအရှေ့တိုင်းဘဏ်လီမိတက်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

(သထုံ စဝ်ခွန်ကြည်-ဒေါ်အေးသန့်) နှင့် (Dr.ဦးအေးမောင်၊ ရန်ကုန်ဆေးရုံအုပ်ကြီး(ငြိမ်း)-ဒေါ်ခင်မြင့်၊တောင်ကြီးမြို့) တို့၏မြေး၊
စဝ်အောင်မြင့် (ဒုညွှန်ကြားရေးမှူး (ငြိမ်း) ဆည်မြောင်း ဦးစီးဌာန)-ဒေါ်ခင်နွဲ့အေး (အယ်ဒီတာ၊ NAB (ငြိမ်း)၊ USIS) တို့၏သားကြီး

Dr. ခွန်ကြည်ထွန်း

M.B.B.S, MS (Health Education)MD (U.S.A), Ches
University of Pittsburgh Medical Center

နှင့်

(ဦးဘကြွေ-ဒေါ်သန်းညွန့်၊ပုသိမ်မြို့) နှင့် (ပင်မှီ စဝ်ခွန်မင်း-ဒေါ်ခင်ကြီး) တို့၏မြေး
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၉၇စီ (၁)နေ ဦးတင်မောင်(Chief Engineer, RCL Shipping Co, Singapore)-စဝ်မြသိန်း(ခ)စဝ်ငွေးဝေ(အင်္ဂလိပ်စာဌာန(ငြိမ်း) ရန်ကုန်တက္ကသိုလ်) တို့၏သမီးကြီး

နန်းခင်ခင်ကြီး

BS (Finance) University of Massachusetts First Year
M.A (International Economics and Finance) Brandeis University, Massachusetts

တို့သည် ၅-၆-၂၀၀၄ရက်တွင် အမေရိကန်နိုင်ငံ Massachusetts ပြည်နယ်၊Waltham မြို့၌ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်သော မိဘဆွေမျိုးတို့၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် Dr.ခွန်ကြည်ထွန်း-နန်းခင်ခင်ကြီး။

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်၊ နဘဲမြစ်ကျေးရွာနေ ဦးကျော်ရှိန်-ဒေါ်မြင့်ရွှေတို့၏သားကြီး

မောင်ကျော်ဦး B.A (Geography) နှင့်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပြည်လမ်း၊ မြောက်ပိုင်းရပ်ကွက်၊ အမှတ် ၂၁ နေ ဦးဘိုးသင်း-ဒေါ်အုန်းခင်တို့၏သမီး

မသန်းမြင့် B.A (History)

တို့သည် ၈-၆-၂၀၀၄ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယ ခရိုင်တရားသူကြီး(၁) ဒေါ်အေးအေးသိန်း၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ကျော်ဦး-မသန်းမြင့်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့ သုဝဏ္ဏ ရေနံ့သာလမ်း တိုက်အမှတ် ၁၅၈/၁နေ (ဦးတင်အောင်) သစ်လုပ်ငန်း(ငြိမ်း)- ဒေါ်ညွန့်ညွန့်စိန် သူနာပြုဆရာမကြီး (ငြိမ်း) တို့၏သားကြီး

မောင်ခင်ဇော်အောင် 1st mate (FG)
East wind ship Management Pte.Ltd.

နှင့်

ရန်ကုန်မြို့ သုဝဏ္ဏ ရေနံ့သာလမ်း တိုက်အမှတ် ၁၆၁/၁ နေ ဦးအေးမင်းစိုး E/E (FG) NEP TANK -ဒေါ်သဇင်ဦး တို့၏သမီးငယ်

မသိမ့်ထူးအိမ် (ထူးထူး) 1st year Psychology U.D.E

တို့သည် ၁၅-၆-၂၀၀၄ရက် (အင်္ဂါနေ့)တွင် Central Hotel (Ruby House)၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ခင်ဇော်အောင်- မသိမ့်ထူးအိမ်။

အမည်ပြောင်း

နတ်မောက်မြို့ အောင်ဆန်းရပ်နေ အဖ ဦးခင်မောင်အေး၏သမီး နတ်မောက်မြို့ အထက ဒသမတန်း (က)မှ မနှင်းစုအေးကြည် အား မနှင်းနှင်းစုညိုဟု ပြောင်းလဲခေါ်ပါရန်။ **မနှင်းနှင်းစုညို။**

အမည်ပြောင်း

အဖ ဦးသန်းထွန်းစိုး၏ သမီး အထက(၂) တာမွေ၊ ပဉ္စမတန်း(C)မှ မငုဝါဝင်းအား မငုဝါဝင့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မငုဝါဝင့်ကျော်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၅၉၈၆ နှင့် ယ/၁၇၅၃ မော်တော်ယာဉ်လက်ဝယ်ရှိသူများမှ (ကမ-၃)မိတ္တူပျောက်ဆုံးထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန(ခရိုင်ရုံး) မြိတ်သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး၊ မြိတ်၊တနင်္သာရီတိုင်း။**



ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ် အမှတ် ယ/၄၁၄၆၂ (ပွန်းဒါစီ-၉၀)လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ ပျောက်ဆုံးထားလာပါ၍ ၁၅ ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး၊ ဟသ်ာတမြို့









ရဟန်းဒါယိကာမကြီး ဒေါ်ထွေး
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ် ၅၆၉နေ(ဦးစံဦး–ဒေါ်သဲမိတ်)တို့၏သမီး၊ (ဦးချစ်တီး)၏ဇနီး၊ ဦးမြင့်ဆွေ (စာတည်းမှူး၊ ကြေးမုံသတင်းစာ)–ဒေါ်နီနီစံ(အကြီးတန်းသတင်းထောက်၊ မြန်မာ့အလင်းသတင်းစာ)၊ ဒေါ်သန်းနွဲ့၊ ဦးလှိုင်ဘွား(FJVCC၊ အင်/ယာ ဌာန)–ဒေါ်တင်နွယ်(ဒုဦးစီးမှူး၊ ပဲခူးမြို့နယ် အခွန်ဦးစီးဌာန)၊ ဒေါ်မြင့်မြင့်ကြည် တို့၏ချစ်လှစွာသောမိခင်၊ မောင်ဇေယျာမင်း၊ မောင်ရန်ပိုင်သော်၊ မောင်ဇာနည်ဦး တို့၏အဘွား ဒေါ်ထွေးသည် ၁၄–၆–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်ထွန်း (မြင်းခြံမြို့)
အလက(၁)၊ကာယဆရာ(ငြိမ်း)
အသက်(၇၅)နှစ်

မြင်းခြံမြို့၊ (၂)ရပ်ကွက်၊ အမှတ် ၃၆ နေ (ဦးထွန်းပ–ဒေါ်ကျင်ကွမ်း) တို့၏သား၊ ဒေါ်တင်ရီ၏ခင်ပွန်း၊ သားသမီး ကိုးယောက်တို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၁၁–၆–၂၀၀၄ရက် (သောကြာနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂–၆–၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရွာစေသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ကေသီတာ(ခ) K°Q
အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၊ ခိုင်ရွှေဝါလမ်း(ဗဟိုလမ်း)နေ[ဆရာကြီးဦးအောင်ဖေညွှန့်(ရူပဗေဒ)–ဒေါ်စိန်စိန်]တို့၏သမီးထွေး၊(ဦးသိန်းတန်)၏ဇနီး၊အက်လက်ဇန္တြားသိန်းတန်၏မိခင်၊ ဦးအောင်မြဦး–ဒေါ်ခင်စုစု၊ ဦးယုမောင်–ဒေါ်ယဉ်ယဉ်လတ်၊ ဦးအောင်မျိုးလတ်–ဒေါက်တာခင်ဥမ္မာနိုင်၊ ဦးအောင်တိုးလတ်–ဒေါ်နန်းစန္ဒာတို့၏ညီမလေး၊ တူ တူမ ၁၀ ယောက်တို့၏ ဒေါ်လေးသည် ၁၅–၆–၂၀၀၄ရက် ညနေ ၄ နာရီတွင် အလုပ်သမားဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သံရုံး ကင်ဘာရာမြို့မှ သံရုံးအုပ် ဦးဝင်းမြင့်၏ဖခင်ဖြစ်သူ ဦးလှရွှေသည် ၁၃–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် သံအမတ်ကြီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများအားလုံးက ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာသံရုံး၊ကင်ဘာရာမြို့။

စာအုပ်ချုပ်ပညာကျွမ်းကျင်သင်တန်းသား လျှောက်လွှာခေါ်ယူခြင်း

ပညာရေးဝန်ကြီးဌာန အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (အဆင့်မြင့်ပညာဦးစီးဌာန၊ အောက်မြန်မာပြည်)မှ တာဝန်ယူ၍ စာအုပ်ချုပ်ပညာကျွမ်းကျင်သင်တန်းကို ၅၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်ရှိ ရှေးဟောင်းမြန်မာစာပေရေးရာဌာန (ပေ၊ ပုရပိုက်၊ ကျောက်စာ) Resource Centre for Ancient Myanmar Manuscripts ၌ အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်။

၁။ သင်တန်းအမည်	စာအုပ်ချုပ်ပညာကျွမ်းကျင်သင်တန်း
၂။ သင်တန်းကာလ	(၆)ပတ်
၃။ သင်တန်းဝင်ခွင့်အနိမ့်ဆုံး	(က) အခြေခံပညာအလယ်တန်းအဆင့် ပညာအရည်အချင်း (၈)တန်းပညာသင်ယူပြီးမြောက်သူများ (ခ) စာအုပ်ချုပ်လုပ်ငန်း လုပ်ကိုင်လိုသူများ
၄။ သင်တန်းစတင်မည့်ရက်	၁၂–၇–၂၀၀၄ (တနင်္လာနေ့)
၅။ သင်တန်းချိန်	တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး နံနက်(၈း၀၀)မှ(၁၀း၀၀)နာရီ
၆။ လျှောက်လွှာစတင်လက်ခံမည့်ရက်	၂၁–၆–၂၀၀၄
၇။ လျှောက်လွှာပိတ်မည့်ရက်	၉–၇–၂၀၀၄
၈။ လျှောက်လွှာတင်ရမည့်နေရာ	အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရှေးဟောင်းမြန်မာစာပေရေးရာဌာန (ပေ၊ ပုရပိုက်၊ ကျောက်စာ) ၅၄ လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၉။ သင်တန်းတွင် စာအုပ်ချုပ်လုပ်ငန်းကို စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ပါသည်။ စာအုပ်ချုပ်လုပ်ငန်းကို ကျွမ်းကျင်စွာတတ်မြောက်ပြီး စာအုပ်ချုပ်လုပ်ငန်း အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိလိုပါက ရုံးချိန်အတွင်း ရှေးဟောင်းမြန်မာစာပေရေးရာဌာန ဗိုလ်တထောင်မြို့နယ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း–၂၉၂၈၅၆၊ ၂၉၂၈၅၇၊ ၂၀၃၂၈၆



ဒေါ်ခင်ခင်
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၇၇၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်နေ ဦးကျော်မင်း (Bowpan Pty Ltd.)၏ဇနီး၊ (ဦးစိန်–ဒေါ်ကြွယ်)တို့၏သမီး၊ ဒေါ်ယဉ်မင်းအေး–ဦးသန်းရှိန်၊ မစုစုခင်၊ မောင်အောင်ငြိမ်းချမ်းတို့၏မိခင်၊ မယွန်းမြတ်ရွှေရည်၏အဘွားသည် ၁၅–၆–၂၀၀၄ရက် နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၇၇၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်နေ ဦးကျော်မင်း (Bowpan Pty Ltd.)၏ဇနီး၊ (ဦးစိန်–ဒေါ်ကြွယ်)တို့၏သမီး၊ (ဦးဖရက်ဒီဘတင်)–ဒေါ်ရွှေကျင်၊ ဦးသိန်းကြည်–(ဒေါ်ထွန်းစိန်)၊ (ဦးဟယ်ရီ–ဒေါ်မရင်)၊ (ဦးဖေရီ)–ဒေါ်နန်းရှိန်၊ (ဦးမောင်မောင်အေး)–ဒေါ်မေ၊ ဦးညွှန့်လှိုင်–(ဒေါ်ထွေးစိန်)၊ ဒေါ်ကျင်မြိုင်၊ (ဦးမောင်ကြီး)–ဒေါ်တင်တင်တို့၏ညီမသည် ၁၅–၆–၂၀၀၄ရက် နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးအောင်ကျော်သိန်း(ခ)ဦးမောင်မောင်လှ (စစ်တွေ)
တကက(ငြိမ်း)၊တပ်မတော်–လေ
အသက်(၆၂)နှစ်

(ဦးစံထွန်းဖြူ–ဒေါ်သိန်းတန်ဦး)တို့၏သား၊ (ဦးဘိုးလှ–ဒေါ်ယဉ်သာဖြူ) တို့၏သားသမက်၊ ဒေါ်အစိန်၊ (ဦးဖြူမောင်–ဒေါ်မသာစိန်)၊ ဦးဘသိန်း၊ ဦးသိန်းမြ၊ ဒေါ်မချစ်စိန်၊ (ဦးကျော်ထွန်းဦး–ဒေါ်သန်းကြူ)၊ ဦးဖိုးလှ–(ဒေါ်လီ)၊ ဒေါ်ညွှန့်ရှင်တို့၏ညီ/မောင်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ် ခ/၇၃၊ ကံ့ကော်လမ်းသွယ်(၅)၊ ဘုရင့်နောင်ပွဲရုံနေ ဒေါ်သန်းစိန်၏ခင်ပွန်း၊ ဦးမောင်ထွန်းကျော်–ဒေါ်ပုလဲစိန်၊ ဦးစိုးထွန်း–ဒေါ်အေးဝင်းခိုင်(ကြယ်စုံပွဲရုံ)၊ ဒေါ်ဖြူမေ၊ ဒေါ်သိန်းရွှေတို့၏ယောက်ဖ၊ ဦးလှမြင့်–ဒေါ်ဦးသိန်းမြ(ရခိုင်သားကြီးစာပေ)၊ ဦးပေါ်ထွန်းအောင်၊ ဦးအောင်ကျော်ထွန်း–ဒေါ်မြသန္တာ၊ ဒေါ်သန္တာအေး၊ (မောင်ကောင်းမြတ်သူ)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၃–၆–၂၀၀၄ရက်(တနင်္ဂနွေနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၁၁–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားသော ဖခင်ကြီး ဦးဝင်းခိုင် နာမကျန်းစဉ် အထူးဂရုစိုက်ကုသပေးသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုသဆောင်၊ ခွဲစိတ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်တို့မှ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဆရာမများအားလည်းကောင်း၊ ဗဟိုစည်အထူးကုဆေးခန်းမှ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဆရာမများနှင့် ဝန်ထမ်းများအားလုံးတို့ကိုလည်းကောင်း၊ ဈာပနကိစ္စတွင်အစမှအဆုံးအထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကျန်ရစ်သူမိသားစုအား လူကိုယ်တိုင်သော်လည်းကောင်း၊ စကားပြောကြေးနန်း၊ အီးမေး(လ်) စသည်တို့ဖြင့် မေးမြန်းနှစ်သိမ့်အားပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့ကြသူများ၊ ဈာပနသို့ လိုက်ပါပို့ဆောင်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

အမည်ပြောင်း

အဖ ဦးဖူးစို၏သား မောင်ခင်မောင်လင်း နိုင်ငံသားစိစစ်ရေးကတ် ၅/ဝလန(နိုင်)၀၉၆၇၅၅အား မောင်နိုင်စိုးဟု ခေါ်ပါရန်။

မောင်နိုင်စိုး။

အမည်ပြောင်း

ဦးစန်းသက်အောင် [၁၀/သဖရ(နိုင်)၀၄၇၄၃၈]၏သမီး (ဒုတိယနှစ်၊ သချာ၊ မော်လမြိုင်တက္ကသိုလ်)မှ မအိမွန်သက်အောင်အား မအိမွန်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မအိမွန်အောင်။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်ခင်ရီ
အသက်(၈၁)နှစ်

ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဟေမာလမ်း၊ အမှတ် ၂၁ နေ (ဗိုလ်မှူးမောင်ထွန်း) အပတ်စဉ် (၉)၏ဇနီး၊ ဒေါ်ခင်သန်းသန်း၊ ဦးဇော်ထွန်း–ဒေါ်ဌေးဌေး၊ ဦးကိုကိုလတ်–ဒေါ်မာထွေး၊ ဦးဇော်မြင့်(ခ)ကိုရေခဲ၊ ဒေါ်ရီရီထွန်း(အထက–၁၊ ဒဂုံ)တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၆–၆–၂၀၀၄ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၆–၂၀၀၄ ရက် မွန်းလွဲ၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

လူပျောက်ကြော်ငြာ

အဖ ဦးတင်လှ၏သမီး မအေးအေးမွန်(ခ)ဥမ္မာရီ အသက်(၁၅)နှစ်၊ ၄ ပေ ၅ လက်မခန့်၊ အသား(ညို)၊ ကတုံးပေါက်ဆံပင်သည် ၁၁–၆–၂၀၀၄ရက်တွင် နေအိမ်မှပျောက်သွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပါ။လက်ခံထားသူကို ထိရောက်စွာအရေးယူမည်။

ဦးတင်လှ–ဒေါ်စန်းရီ
တိုက် ၆၈၊ အခန်း ၅၀၂၊ မင်္ဂလာသုခလမ်း၊ ဟံသာရိပ်မွန်၊ ကမာရွတ်၊
တစ်ဆင့် ဖုန်း–၅၀၁၄၈၆။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈/၄၀၇၈ မော်တော်ယာဉ် လက်ဝယ်ပိုင်ဆိုင်သူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန
ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)။

ဦးခင်မောင်သွယ်(ခ) ဂီတစာဆိုမောင်ကြေးမုံ (မင်းလှ)
အသက်(၆၃)နှစ်

မင်းလှမြို့နေ(ဦးသွယ်–ဒေါ်ကျောက်)တို့၏သား၊ ရန်ကုန်မြို့၊အမှတ် ၂၂၊ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်းနေ ဒေါ်ထားသဇ္ဇာ၏ခင်ပွန်း၊ ဦးကြည်လွင်၊ ဒေါ်ကြူကြူ၊ ဒေါ်စန်းစန်းသွယ်၊ (ဦးစိုးလွင်)တို့၏မောင်/ညီ/အစ်ကို၊ ဦးဇေယျ၊ ဒေါ်သီတာ (အလက၊ မငေးစုရွာ)၊ ကိုသီဟသွယ်–မခက်ခက်မာငြိမ်း၊ကိုခန့်ချော(နိုင်ငံတကာ စီးပွားရေးဂျာနယ်)၊ (မောင်ကျော်ဇေယျ)တို့၏ဖခင်၊ မောင်ကောင်းမွန်အောင် (အထက–၂၊ ဒဂုံ)၊ မောင်ညီဇေမင်း(အထက–၁၊ကမာရွတ်)၊ မောင်နေမျိုးသီဟ(မူကြို–၃)တို့၏ အဘိုး သည် ၁၄–၆–၂၀၀၄ရက် (တနင်္လာနေ့) တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီ တွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျုံပို့ရန်
အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ (၂)ရပ်ကွက်၊ ၁၇ လမ်း၊ အမှတ် ၁၀၀ (လေးထပ်)နေ (ဦးစွန်ဘွန်ရီ)၏ဇနီး၊ ဦးစွန်ချိန်ခွန်း(ခ)ဦးပု–(ဒေါ်ကျင်အေး)၊ ဦးစွန်ချိန်ရှု–(ဒေါ်လင်အိုင်း)၊ [ဦးစွန်ချိန်အိန်း(ခ)ဦးစိန်ဌေး]–တန်အိုက်လျှန်တို့၏မိခင်၊ မြေး ၂၆ ယောက်၊ မြစ် ၁၉ ယောက်တို့၏အဘွားသည် ၁၄–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသန်းမြင့် (တောင်စွန်း)
အသက်(၈၅)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၆)ရပ်ကွက်၊ အမှတ် ၇၁၀၊ ဒီပါအေးမြလမ်းနေ (ဒေါ်သောင်း)၏ ခင်ပွန်း၊ ဦးကျော်စိုး–ဒေါ်ခင်သန်းအေး၊ ဦးကြည်လွင်–နော်ဝါးဝါး၊ ဒေါ်စန်းစန်းလွင်၊ ဦးအောင်အောင်နိုင်–ဒေါ်အမာချိုတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၄–၆–၂၀၀၄ရက် (တနင်္လာနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း ဦးကျော်ထူး(ခ) Kenneth Boyce
အုပ်ခွဲတပ်ကြပ်ကြီး(အငြိမ်းစား) တပ်မတော်(လေ)
အသက်(၇၄)နှစ်

(Edward Boyce–ဒေါ်မော့စ်)တို့၏တစ်ဦးတည်းသောသား၊ (ဦးဖိုးသက်–ဒေါ်အားပု)တို့၏ သားသမက်၊ အမှတ် ၃၇၊သိဒ္ဓိလမ်း၊ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်သန်းညွှန့်(ခ) ဒေါ်ဇာဘီနား၏ခင်ပွန်း၊ ဒေါက်တာတင်ထွန်း(တာဝန်ခံဆရာဝန်၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စီးပွား/ကူးသန်းဝန်ကြီးရုံး၊ စစစ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးချုပ်)–ဒေါ်သင်းသင်းဦး၊ ဦးတက်နေဝင်း – ဒေါ်အေးအေးဝင်း၊ ဦးကျော်အေး–ဒေါ်စုစုပြုံး၊ မမော့မော့ တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၅–၆–၂၀၀၄ရက် နံနက် ၈း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသောင်းညွှန့် (ကျောက်ဖြူ)
အိုးအိမ်ဦးစီးဌာန(ငြိမ်း)
အသက်(၆၇)နှစ်

ကျောက်ဖြူမြို့၊ ပိုက်စိပ်ရပ်နေ (ဦးအောင်ဇံ – ဒေါ်မိုး)တို့၏ သား၊ (ဦးကျော်မြ)–ဒေါ်နုရင်ဖြူ၊ (ဦးရွှေမောင်)–ဒေါ်ဖြူနု၊ (ဦးကျော်သိန်း)–ဒေါ်သန်းလှတို့၏ညီ၊ ဦးထွန်းမောင် (ကျောက်ဖြူ)–ဒေါ်ချောတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ ၁၉ လမ်း၊ အမှတ် ၆၄၈/ခ နေ (ဦးထွန်းမြင့်)–ဒေါ်ရွှေကြည်တို့၏မောင်သည် ၁၄–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး ဒေါ်တင်မှုန်
ဘီအိုစီကိုယ်စားလှယ်ဟောင်း (ကောလင်းမြို့)
အသက်(၈၅)နှစ်

မန္တလေးမြို့၊မောရဂီဝါရပ်၊ ၇၄ လမ်းနှင့် ၃၂လမ်းထောင့်၊ အမှတ် ၁၁၅ နေ (ဦးတင်–ဒေါ်သဲအုံ)တို့၏သမီး၊ (ဦးခင်မောင်)ဘီအိုစီကိုယ်စားလှယ်ဟောင်း၏ ဇနီး၊ ဦးဝင်းမြင့်၊ ဦးဝင်းနွယ်(ထက်ထက်အောင် ရတနာဆိုင်၊အထူးဆေးကုခန်း)–ဒေါ်မြင့်မြင့်သန်း (ဗဟိုဘဏ်၊ ငြိမ်း)၊ ဦးဝင်းမောင်–ဒေါ်စန်းစန်းမြင့်(အထက–၆၊ ငြိမ်း)တို့၏မိခင်၊ မောင်ကျော်မြတ်နွယ်(ကွန်ပျူတာတက္ကသိုလ်၊ မန္တလေး)၊ မောင်စိုးမြတ်နွယ် (ဒုနှစ်၊ စီးပွားရေးတက္ကသိုလ်၊ရန်ကုန်)၊ မောင်ဆွမ်းရီထွန်း (အထက–၁၆)၊ မောင်ဟိန်းသန့်ကျော် (အထက–၁၆)တို့၏အဘွားသည် ၁၅–၆–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၃ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၆–၆–၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ ဦးစံဌေး (မိုးကုတ်မြို့)
အသက်(၆၈)နှစ်

မိုးကုတ်မြို့၊ပိတ်စွယ်ရပ်နေ(ဦးဘဒင်–ဒေါ်သဲမို့)တို့၏သား၊ မိုးကုတ်မြို့၊ မြို့မရပ်နေ (ဦးဘရှင်–ဒေါ်မျှင်)၊ ရှမ်းစုရပ်နေ ဒေါ်လှရင်၊ မြို့မရပ်နေ ဦးသိန်းအောင်တို့၏တူ၊ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းနေ (ဦးကျော်ရှိန်)–ဒေါ်တင်ဌေး၊ မိုးကုတ်မြို့၊ ရှမ်းစုရပ်နေ ဦးခင်စိုး–(ဒေါ်ညွှန့်ညွှန့်တင်)၊ မြို့မရပ်နေ (ဦးချစ်ရီ)– ဒေါ်ခင်သန်း၊ ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ အမှတ် ၂၉၀/၇ နေ ဒေါက်တာထင်မြတ်–ဒေါ်အေးအေးတို့၏မောင်၊ မန္တလေးမြို့နေ(ဦးသက်တင်)–ဒေါ်သိန်းသိန်း၊ ဦးခင်မောင်ကြည်–ဒေါ်ချစ်ချစ်၊ ဦးလေးမောင်–ဒေါ်ခင်သန်း၊ ဒေါ်မြင့်ဆွေ၊ ဈေးဟောင်းရပ်နေ ဒေါ်မမကြီး၊ ဦးအောင်မြင့်–ဒေါ်အေးမိစံ၊ ဒေါ်ရီရီတို့၏အစ်ကိုသည် ၁၄–၆–၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် ရန်ကုန်မြို့ S.S.C အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၅း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူ ဦးစံဌေး(၆၈)နှစ် နာမကျန်းစဉ်က အထူးဂရုပြု စောင့်ရှောက်ကုသပေးကြသော ရန်ကုန်မြို့ S.S.C အထူးကုဆေးခန်းမှ ရင်ခေါင်းအထူးကုသမားတော်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ အထူးသူနာပြုများနှင့်ဆေးရုံဝန်ထမ်းအားလုံးကို ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဦးမင်းသူ (လားရှိုး) M.A (Philosophy)
အသက်(၅၁)နှစ်

လားရှိုးမြို့၊ ရပ်ကွက်(၅)နေ (ဦးကျော်ရှိန်–ဒေါ်သန်းညွှန့်)တို့၏သား၊ ဦးမောင်မောင်(လောကနတ်)–ဒေါ်ဖြူဖြူ၊ ဦးမျိုးမြင့်–ဒေါ်ဝင်းယုမေတို့၏ညီ၊ ဦးစန်းလွင်၏အစ်ကို၊ ရန်ကုန်မြို့နေ ဦးအေးကျော်(ဘောလုံး ဒိုင်လူကြီး)–ဒေါ်လှလှတို့၏သားသမက်၊ ရန်ကုန်မြို့၊ (၂၉)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အိမ်အမှတ် ၄၂၈၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်ညွှန့်ညွှန့်အေး၏ခင်ပွန်း၊ မောင်စိုးမင်းသူ၊ မခင်ချမ်းမြေ့၊ မောင်နေမင်းသူတို့၏ဖခင် သည် ၁၃–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅–၆–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း ဘဒ္ဒန္တ တိက္ခ (ဦးမောင်စိန်)
မော်ကွန်းဝင်တတိယဆင့် မြဗိမာန်စာသင်တိုက် အုတ်ကျုတ်တန်း၊တောင်ငူမြို့
သက်တော်(၈၆)နှစ်၊သိက္ခာတော်(၁၅)ဝါ

(ဦးအောင်ခင်–ဒေါ်တင်)တို့၏သား၊ ဦးမောင်သောင်း–ဒေါ်တင်ရီ၊ ဦးလှဝင်း–ဒေါ်ကြည်အေး၊ (ဦးစံသိန်း)–ဒေါ်ကြင်မွေး၊ ဦးမောင်လေး – ဒေါ်ကြင်မြ၊ (ဦးအောင်ငွေ)၊ (ဦးစန်းဝင်း–ဒေါ်သန်းသန်းအေး)၊ ဦးသောင်းမြင့်–ဒေါ်ခင်ညွှန့်ဦး၊ ဦးအောင်ဇော်–ဒေါ်သန်းသန်းဌေး၊ ဦးစိန်ဝင်း–ဒေါ်သန်းသန်းမြင့်၊ ဦးမင်းထိုက် – ဒေါ်ဝင်းသိန်းသိန်းထွေး၊ ဒုတကဝင်းကျော်မိုး–ဒေါ်မိုးမိုးခိုင်တို့၏ ဖခင်၊ မြေး ၄၂ယောက်၊မြစ် ၃၁ယောက် တို့၏အဘိုး ဘဒ္ဒန္တ တိက္ခ အရှင်မြတ်သည် ၁၃၆၆ခုနှစ် နယုန်လပြည့်ကျော် ၁၂ ရက် (၁၄–၆–၂၀၀၄ရက်) တနင်္လာနေ့ ည ၉ နာရီတွင် ဦးမောင်လေး (တပ်မတော်အထည်ချုပ်စက်ရုံ) ဝါယာလက်နေအိမ်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၃၆၆ခုနှစ် နယုန်လကွယ်နေ့ (၁၆–၆–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့တွင် ရေဝေးသုသာန်သို့ပင့်ဆောင်၍မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်သွယ်(ခ) ဂီတစာဆိုမောင်ကြေးမုံ (မင်းလှ)
အသက်(၆၃)နှစ်

မင်းလှမြို့နေ(ဦးသွယ်–ဒေါ်ကျောက်)တို့၏သား၊ ဦးကြည်လွင်၊ ဒေါ်ကြူကြူ၊ ဒေါ်စန်းစန်းသွယ်၊ (ဦးစိုးလွင်)တို့၏ မောင်/ညီ/အစ်ကို၊ (ဒေါ်တင်ရီ)၏ ခင်ပွန်း၊ ဦးဇေယျ၊ ဒေါ်သီတာ(အလက၊ မငေးစုရွာ)၊ ကိုသီဟသွယ်–မခက်ခက်မာငြိမ်း၊ ကိုခန့်ချော၊ (မောင်ကျော်ဇေယျ) တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး သည် ၁၄–၆–၂၀၀၄ရက် (တနင်္လာနေ့) တွင် ဗဟိုစည်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ခရစ်တော်၌အိပ်ပျော်ခြင်း Mr.John Ross(ခ) Johnny
ဆသရ (မိုက္ကရို၊ ငြိမ်း)
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်၆၄ (ရှင်ဂါဗြေလ ခရစ်ယာန်ဘုရားရှိခိုးကျောင်းဝင်း)နေ (Mr.A.E.Ross၊ လေကြောင်းထိန်းသိမ်းရေးအရာရှိ–၃၊ ငြိမ်း)–Mrs.B.Ross (အလက–၂၊ ပုဇွန်တောင်၊ ငြိမ်း)တို့၏သား၊ (ဦးလှမြင့်)–ဒေါ်လွင်လွင်အောင်(ရွှေပတ္တမြားကျောက်မျက်ကုမ္ပဏီ)တို့၏ မောင်၊ (Mr.S.Ross)၊ (Mr. Antony–ဒေါ်ဇင်ဇင်ထွန်း)၊ ဦးဝင်းကျော်မင်းထွန်း (ခ) Mr.J.Ross(M.V .TA SAN) တို့၏အစ်ကိုကြီး၊ မမြမြအောင်၊ မဝင်းဝင်းမော်၊ (မဆွေမြတ်နိုး)တို့၏ဦးလေးသည် ၁၅–၆–၂၀၀၄ရက် (အင်္ဂါနေ့) နံနက်၆း၄၅နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆–၆–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီးမီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း ဗိုလ်ကြီးအောင်ဆန်းဦး
(ယာယီတပ်ခွဲမှူး၊ဗိုလ်မှူး)
OTS – ၉၁
အသက်(၃၄)နှစ်

၁၃–၆–၂၀၀၄ရက်တွင် ကွယ်လွန်ခဲ့သော ဗိုလ်ကြီးအောင်ဆန်းဦး၏ ဈာပနအခမ်းအနားတွင် ဝိုင်းဝန်းကူညီ လိုက်ပါပို့ဆောင်ပေးခဲ့သော တိုင်းမှူးနှင့်ဇနီး၊ ဒုတိယတိုင်းမှူးနှင့် တိုင်းစစ်ဌာနချုပ်မှ အရာရှိအရာခံများနှင့်ဇနီးများ၊တပ်ရင်းမှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများအားလုံး၊ မြိတ်တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ မြိတ်တပ်မတော်စစ်ဆေးရုံမှ ဆရာဝန်၊ ဆရာမများ၊ မြိတ်မြို့မှ အစစအရာရာ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးနှင့် ဝိုင်းဝန်းကူညီပို့ဆောင်ကြသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်နိုင်ငံ Sojitz Corporation မှ ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇွန် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဂျပန်နိုင်ငံ Sojitz Corporation မှ ဥက္ကဋ္ဌ Mr. Kazunori Teraoka နှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်နိုင်ငံ Sojitz Corporation မှ ဥက္ကဋ္ဌ Mr. Kazunori Teraoka နှင့် အဖွဲ့အား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံအစုအဖွဲ့များ၏ အစည်းအဝေးများဆက်လက်ကျင်းပ စုံညီအစည်းအဝေးသို့တင်သွင်းမည့် အကြံပြုစာတမ်းများဖတ်ကြားတင်သွင်း

ရန်ကုန် ဇွန် ၁၅

အမျိုးသားညီလာခံအစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင်များနှင့် အကြံပြုစာတမ်းပြုစုတင်ပြသည့် စာတမ်းပြုစုသူများ ညှိနှိုင်းဆွေးနွေးပွဲနှင့် အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အမျိုးသားညီလာခံ

စာမျက်နှာ ၁၂ ကော်လံ ၁ ❐

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

အမျိုးသားညီလာခံအစုအဖွဲ့များ၏ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကျင်းပရာ သဘာပတိ ဒေါက်တာဦးသိန်းဦးဘိုးစောက အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အဝမလွန်ရေး ကလေးရေကူးပေး

အင်္ဂလန်နိုင်ငံ ဘယ်လီဖူးမြို့ရှိ ရေကူးကန်တစ်ခုတွင် ခုနစ်လသားအရွယ် ကလေးငယ်အား ရေအောက်၌ ရေကူးပေးနေစဉ်။ **(အပေါ်ပုံ)**ယင်းကဲ့သို့ရေကူးခြင်းမှာ ယင်းနိုင်ငံတွင် အဝလွန် ကလေးများ တိုးပွားလာခြင်းကြောင့် ကလေးမိဘများသည် နိုင်ငံတစ်ဝန်းရှိ ကလေးငယ်များ ကိုယ်ကာယ လေ့ကျင့်ရေး သင်တန်းများသို့ ပို့ပေးလျက်ရှိသည်။ တစ်ရက်သားအရွယ်မှ စတင်ကာ ထိုကဲ့သို့ သင်တန်းများ၌ လေ့ကျင့်နိုင်သည်ဟု သိရသည်။ **(အေပီ)**

စေတန်ဂြိုဟ်၏လ

နက္ခတ္တဗေဒပညာရှင်များ ကာလကြာမြင့်စွာ စိတ်ဝင်စားခဲ့သည့် နက်မှောင်ပြီး ကြမ်းတမ်းသော မျက်နှာပြင်ရှိသော စေတန်ဂြိုဟ်၏လကို ဇွန် ၁၁ ရက်က တွေ့ရစဉ်။ **(အောက်ပုံ)**နာဆာမှ ဘက်စီနီ အာကာသယာဉ်သည် ဇွန် ၃၀ ရက်တွင် အဆိုပါ စေတန်ဂြိုဟ်လ၏ အနီးဆုံးနေရာမှ ပျံသန်းမည်ဖြစ်သည်။ **(ရိုက်တာ)**



ယူရို ၂၀၀၄ အုပ်စုပွဲစဉ်များ သုံးသပ်ချက်

နိုင်ငံပွဲဆက်မည့်အသင်း စပိန်လား၊ ဂရိလား ရုရှားကို အိမ်ရှင်ပေါ်တူဂီနိုင်ငံမှ ဖြစ်မည်

ကိုထွေး-သုံးသပ်တင်ပြသည်

ရန်ကုန် ဇွန် ၁၅

၂၀၀၄ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ (Euro-2004) ကို ပေါ်တူဂီနိုင်ငံ၌ ဆက်လက်ကျင်းပလျက်ရှိရာ အုပ်စု(က) ပွဲစဉ်များအဖြစ် ဇွန် ၁၆ ရက်(ယနေ့)မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲတွင် ဂရိနှင့်စပိန်၊ ဇွန် ၁၇ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ရုရှားနှင့်ပေါ်တူဂီတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ■